www.burmeseclassic.com

# သားနှင့်အမိ

မန်းတင်

မိုးညိုမြို့သည် သာယာဝတီခရိုင်တွင် ချောင်အကျဆုံးသော မြို့အုပ်ရုံးစိုက်ရာ မြို့ကလေးဖြစ်သည်။ ရန်ကုန်နှင့်ပြည် ဆက်သွယ်လျက်ရှိသော မီးရထားလမ်းကြီး၏ အနောက်ဘက် ဆယ့်ခုနစ်မိုင်သာသာ ဝေးကွာသည့် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိလေရာ ကူးသန်းသွားလာရေးအတွက် အထူးခက်ခဲသည့် ဒေသကလေးဖြစ်လေသည်။ ရေးအခါကမူ မင်းလှဘူတာမှဆင်း၍ မိုးညိုသို့ ရောက်အောင် နွားလှည်းဖြင့် ခြောက်နာရီကျော်ကျော်မျှ သွားကြရလေသည်။ ယခုမူကား မင်းလှဘူတာနှင့် မိုးညိုသို့ စစ်မှ ကျန်ရစ်ခဲ့သော မော်တော်ကားကြီးများသည် နေ့စဉ်နေ့တိုင်း ပြေးလွှားရသဖြင့် ဘူတာမှဆင်း၍ နှစ်နာရီလောက်ကြာလျှင် မိုးညိုသို့ ရောက်လေတော့သည်။ သို့သော်လည်း တစ်ခါတစ်ရံ အကြောင်းမညီညွတ်၍ လမ်းတွင် ကားပျက်၍ နေပြန်လျှင်လည်း တောကြီးမျက်မည်းတွင် ထမင်းရောရေပါငတ်၍ တစ်ညလုံး ငုတ်တုတ်ထိုင်နေတတ်ကြလေသည်။

နွေအခါတွင် ဤကဲ့သို့ လွယ်ကူနေပြီ ဖြစ်သော်လည်း မိုးတွင်းအခါတွင်မူကား လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းကကဲ့သို့ပင် ခက်ခဲမြဲခက်ခဲလျက် ရှိနေသေးလေသည်။ ဝါဆိုဝါခေါင်ကစ၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းထိ မိုးညိုတစ်ဝိုက်ရှိ ချောင်းရေတွေလျှံ၍ ကန်ရေတွေတိုးလျက်ရှိသည့်ပြင် မြစ်ရေတွေ ဗောင်ဗင်ဝေလျက်၊ အင်းအိုင်တွေလည်း ရေတွေနှင့် ပြည့်လျှံနေသောကြောင့် မိုးညိုမှ မင်းလှအထိ ကုန်းလမ်းလုံးလုံး မရှိတော့ဘဲ ရေကြောင်းတွင်သာ လှေလှော်ဖြင့် သွားလာကြရလေသည်။ မိုးဦးနှင့် ဆောင်းဝင်စတွင်မူကား တစ်လမ်းလုံး ရွှံ့တွေ လွှမ်းနေသောကြောင့် လှေကိုလည်းမသုံးနိုင်၊ လှည်းကိုလည်း သုံးမရ၊ ကားကိုကား ဝေလာဝေး ဖြစ်နေသောကြောင့် အသွားရ အလာရ အခက်အခဲဆုံး အချိန်ဖြစ်လေသည်။

ယမန်နှစ်ဆောင်းဦး မိုးညိုမှ အင်းဘုတ်ကုန်းရွာအထိ လွှမ်းလျက်ရှိသော ရေတို့သည် ခန်းခြောက်ကုန်သည့် အချိန်တွင် မညီညွတ်သော တံသင်းခလုတ်များကို ဖြိုလျက် စစ်ကြွင်းစစ်ကျန် သုံးတန်ကားကြီးကို အမြင်ကျယ်သည့် သူကြီးတစ်ယောက်ကစ၍ အသုံးပြုကာ မောင်းနှင်ကြည့်လေရာ အောင်မြင်ခြင်းရှိသဖြင့် တစ်နယ်လုံးက ထောမနာ ဩဘာပေးကြလေသည်။

တစ်ဦးရှေ့ကသွား၍ ဟန်ကျလျှင် နောက်လိုက်တတ်သော တို့ဗမာတို့၏ ဝါဒအရ ယခုနှစ် ဆောင်းဦးတွင်ကား မင်းလှနှင့်မိုးညို ကားတွေ တော်တော်များများ ပြေးလျက်ရှိခဲ့ရာ ကားခသည် သုံးကျပ်မှသည် ငါးမူးအထိ လျော့ကျခဲ့လေသည်။ နောက်တစ်ဖန် တဖြည်းဖြည်း ပါးသွားပြန်ရာ ယခု နှစ်ကျပ်အထိ ပြန်တက်သွားပြန်လေသည်။

အစိုးရအရာရှိ အရာခံပိုင်းကမူ မိုးညိုကို "မဲဇာ"ဟုခေါ်ဝေါ်သမုတ်ကြလေသည်။ မည်သည့်အရာရှိမှ မိုးညိုသို့ မလာလိုကြ။ မိုးညိုသို့ မလွှဲသာမှ လာကြသည်။ ရှေးရှေးကဆိုလျှင် သာယာဝတီရုံးကြီးက အပြစ်ရှိသည့် စာခြေ စာချီများကို မိုးညိုသို့ ပို့လေ့ရှိသည်။ ထိုနေရာတည်းဟူ

www.burmeseclassic.com

www.burmeseclassic.com



သော မဲဇာသို့မပို့တော်မူရန်ကိုလည်း ဆိုင်ရာရုံးအုပ်စာရေးကြီးများကို ဝတ်တွားခယ တောင်းပန်ကြရလေသည်။ အချို့လည်း ပို့မည်ဆိုလျှင် ဆေးရုံတက်ကြလေသည်။ အရာရှိများလည်း ခွင့်ယူ၍ ပြေးတတ်ကြလေသည်။

ဤကဲ့သို့ ဝပြောသာယာလှသော မြို့တော်ကြီးဆီသို့ ရှေးရှုလျက် လှည်းတစ်စီးသည် နေပူကြီးကျဲကျဲတွင် လယ်ကွင်းရိုးပြတ်များကို ဖြတ်လျက်လာနေလေသည်။ နွားတစ်ရှဉ်းသည်လည်း တမော့မော့နှင့် သွက်သွက်ကြီးသွားလျက်ရှိရာ သူတို့လည်တွင် ဆွဲထားသောခြူသံတို့သည် လှည်းလမ်းကြောင်းမှ ထောင်းထောင်းထနေသည့် ဖုန်ခိုးများအကြားမှ သာယာနာပျော်ဖွယ် ထွက်ပေါ်လာလေသည်။ လှည်းဦးတွင်ထိုင်ကာ တံဖျာတမမနှင့် "ဟဲ့–ဟို" ဟူသော အာမေဍိတ်သံများကို အသုံးပြုရင်း နွားကြန်စုံကို ခပ်သုတ်သုတ် နှင်နေသူသည် သူရင်းငှား ကိုဘသော်ဖြစ်လေသည်။ သူ့နောက်မှကပ်လျက် သက္ကလပ် အင်္ကျီနက်ကြီးနှင့် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းပြီးလျှင် အဖာဖာအထေးထေးနှင့် ဖဲထီးအိုကြီးကို ဆောင်း၍လိုက်ပါလာသူကား လယ်ပိုင်ရှင်ကြီး ဦးရာကျော် ဖြစ်လေသည်။ လှည်းဆောင့်လိုက်တိုင်း သူအနိုင်နိုင် ကိုင်ထားသည့် ထီးကြီးသည် ယိုင်၍ယိုင်၍ သွားကာ ဘသော်၏ခေါင်းပေါ်မှ ခမောက်ကြီးကို သွား၍သွား၍ ထိနေလေသည်။

လှည်းသည် ကန်သင်းခပ်မြင့်မြင့်ပေါ်သို့တက်ပြီးနောက် ဒုန်းခနဲနေအောင် ပြန်ကျလိုက်ရာ ဦးရာကျော်သည် ထီးရောလူပါ ယိုင်လဲသွားလေသည်။ သူသည် ယိုင်သွားသော ထီးကြီးကိုပိတ်လိုက်၍ "ငါ့လခွေး ဖြည်းဖြည်းလုပ်ပါကွ" ဟု ပြောရင်း ပြေကျသော ခေါင်းမှ မျက်နှာသုတ်ပုဝါကို ပြန်ပတ်နေလေသည်။ ထို့ကြောင့် ဘသော်သည် ကြိုးကို ခပ်ဆောင့်ဆောင့်ကလေးဆွဲကာ ကြိမ်မတို့တော့ဘဲ မှန်မှန်ကလေး မောင်းနှင်လာလေသည်။

"ဘသော်ရဲ့ တို့ နောက်များကျနေမလား"

လှည်းအသွားနှေးနေသောအခါ၌လည်း စိုးရိမ်မကင်းသော အသံဖြင့် ဦးရာကျော်က မေးလိုက်ပြန်လေသည်။

"ကိစ္စမရှိပါဘူး စောပါသေးတယ်။ ကားက သုံးနာရီခွဲလောက်မှ ဆိုက်တာပါ"

ဘသော်က ပြန်ပြောရင်း နွားကို တို့ပြန်လေရာ နွားကြန်စုံသည် အမြီးတခတ်ခတ်နှင့် သွက်သွက်ကြီး ပြေးနေကြပြန်လေ၏။

"ဟေ့ ဘသော် မင်း မနက်က ဟင်းရှာတာ ရရဲ့လား"

ဦးရာကျော်သည် အတန်ကြာအောင် ငြိမ်နေပြီးမှ မေးပြန်လေသည်။

"ရပါတယ်။ ဒါပေမဲ့ သုံးကျပ်တောင် ပေးရတယ်"

ဘသော်က အဖြေပေးလေသည်။

"အင်း... တယ်ဈေးကြီးပါလားကွဲ့"

"ဟုတ်ကဲ့..." ဘသော်က မဖြေချင့်ဖြေချင်နှင့် ဖြေလေသည်။

"ဈေးကြီးပေမဲ့ ဝယ်ရမှာပဲလေ။ နေပါဦး မင်း သုံးကျပ်ဆိုတာက ဘဲလား၊ ကြက်လား"

"ဘဲဗျ"

"အေး...အေး... ဒါမှ ငါ့သားက ဘဲမှကြိုက်တာ"

အတန်ကြာအောင် ငြိမ်နေပြန်လေသည်။ လှည်းသည် မိုးညိုမြို့ထဲသို့ ဝင်စပြုလေသည်။

"ဟေ့ ဘသော်ရေ ဒီတံတားကြီး တယ်ကောင်းပါလားကွ။ ဘယ်တုန်းက ဆောက်လိုက်တာတုန်း"

မြို့အဝင်ဝတွင် မိုးတွင်းအခါ၌ ရေကြီးသည့်နေရာတွင် ပေသုံးရာကျော်ကျော် ရှည်လျားသည့် အခိုင်အခန့်ဆောက်လုပ်ထားသော တံတားကြီးကိုကြည့်၍ မေးလိုက်လေသည်။

"အဲဒီတံတားကြီးပေါ့ ဂျပန်အပြေးတုန်းက အစိုးရသစ်တွေကို ခွဲစိတ်ပြီး ဆောက်လိုက်တာ"

ဘသော်က ဖြေလေသည်။

"ဟေ ... ဟုတ်လား။ ငါလည်း မြို့ထဲမရောက်တာ အင်္ဂလိပ်ပြေးပြီး ဂျပန်ဝင်စကတည်းက။ အင်း... တံတားကြီး တယ်ကောင်းသဟေ့။ ဒီလို အများအကျိုးရှိအောင် လုပ်တာတော့ ငါသာဓုခေါ်ချင်သကွယ်။ သစ်တွေ ခိုးပြီးတော့ လျှောက်လုပ်ပစ်တာတော့ ငါအမုန်းဆုံးပဲ"

ဘသော်သည် ဘာမှမပြောဘဲ ငြိမ်နေလိုက်လေသည်။

လှည်းသည် တဖြည်းဖြည်းမောင်းလာရာ ဈေးထောင့်လက်ဖက်ရည်ဆိုင်အနီး သစ်ပင်ရိပ်အောက်တွင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သွားဖြုတ်လေ၏။

"ကဲ ဦးလေး ... ဆင်းပြီး လက်ဖက်ရည်ဆိုင်က ထိုင်စောင့်ပေဦးတော့၊ ကားမလာသေးဘူး"

ဘသော်က နွားများကို ထမ်းပိုးမှဖြုတ်ရင်း ပြောလေသည်။

"ဘယ်လက်ဖက်ရည်ဆိုင်က စောင့်ရမလဲကွဲ့"

ဦးရာကျော်သည် လှည်းပေါ်မှဆင်းရင်း မေးလေသည်။

"ဟောဟိုဆိုင်က စောင့်တာပေါ့။ အဲဒါ ဟိုတုန်းက ရုံးပြာတာလုပ်တဲ့ ကိုထွန်းရွှေ လက်ဖက်ရည်ဆိုင်ပဲ"

ဘသော်က ဈေးထောင့်ရှိ လက်ဖက်ရည်ဆိုင်ကို မေးငေါ့ပြရင်း ပြောလေသည်။ ဦးရာကျော်သည် သူ့တပည့် ညွှန်ပြသည့် လက်ဖက်ရည်ဆိုင်သို့သွားပြီး စားပွဲလွတ်တစ်ခုတွင် ဝင်၍ထိုင်နေလေသည်။

"အမယ်... ဦးလေး ဘာကိုစ္စများလဲ။ လက်ဖက်ရည်သောက်မလား" ဟု လူရွယ်တစ်ယောက်ထွက်၍ မေးလေသည်။

"ဟော မောင်ထွန်းရွှေ။ ဒါ မင့်ဆိုင်လား" ဦးရာကျော်သည် သူ့သိဟောင်း ကျွမ်းဟောင်းဖြစ်သော လက်ဖက်ရည်ဆိုင်ရှင်ကို နှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ ဦးလေး၊ ဒါ ကျွန်တော့်ဆိုင်ပဲ"

"ရုံးအလုပ် မလုပ်တော့ဘူးလား"

"မလုပ်တော့ဘူး ဦးလေး၊ ဒီအလုပ်က လွတ်လပ်တယ်"

ကိုထွန်းရွှေက ပြန်ပြော၍ဆုံးလျှင် အခြားစားပွဲမှ အသံတစ်သံ ထွက်လာလေသည်။

"ဘယ်... သူပြာတာဘယ်လုပ်တော့မလဲဗျ၊ သူသူဌေးဖြစ်နေပြီ။ ဂျပန်လက်ထက်ကလည်း အတော်ပွတယ်၊ ပြီးတော့ ဟဲ... ဟဲ စစ်အုပ်ချုပ်ရေးတုန်းက ဆပ်ပလိုင်းတွေ လိုင်တုန်းကလည်း အတော်ဟန်လိုက်တာပေါ့"

ဦးရာကျော်သည် သူပြောသည့် စကားတွေကို အကုန်လည်း နားမလည်။ သို့သော်လည်း ဟန်ကျပန်ကျဖြစ်နေသည်ဟု ကြား၍ ဝမ်းသာလေသည်။

"အေး...အေး...ကောင်းတယ်...ကောင်းတယ်" ဦးရာကျော်က စကားကို အဆုံးသတ်လိုက်ပြန်လေသည်။

"ဦးလေး လက်ဖက်ရည်သောက်မလား၊ ကော်ဖီသောက်မလား"

ထွန်းရွှေသည် အနီးမှခွာမသွားသေးဘဲ ထပ်၍မေးလိုက်ပြန်လေသည်။ သူ့ဝါဒအရဆိုလျှင် သူ့ဆိုင်တွင် လာထိုင်မိက တစ်ခုခုကို ဝယ်သောက်ရမည်ဖြစ်သည်။ ဘာတစ်ခုမှ သူ့ဆိုင်မှ ဝယ်ယူစားသောက်ခြင်းမပြုဘဲ အကြမ်းကိုသာ အလကားတောင်းသောက်ရင်း လေဖောနေမည့်သူများကို သူလက်မခံလို။

"တစ်ခွက်ကို ဘယ်လောက်လဲကွဲ့"

"တစ်မတ်ပါ"

"တော်ပါပြီကွယ်။ ရင်ပြည့်နေပါတယ်။ အကြမ်းကလေးသာပေးပါ"

"ရေနွေးမဆူသေးဘူးဗျ"

ထွန်းရွှေသည် လှည့်ထွက်သွားလေသည်။

"အေး...အေး... မဆူသေးလည်း နေပါစေတော့။ ဟော့ ဒါနဲ့ ငါလည်း ဒီမရောက်တာကြာသွားလို့ ဘယ်နေရာ ဘာရှိမှန်းတောင် မမှတ်မိတော့ပါဘူး။ ဒီ ဟိုဘက်က ဆိုင်းဘုတ်တွေ အများကြီး တင်ထားတဲ့ဟာက ဘာလဲကွဲ့"

ဦးရာကျော်သည် တစ်ဖက်စားပွဲတွင် ထိုင်နေသူကို မေးလိုက်လေသည်။

"ဟို ဆိုင်းဘုတ်နီနီတွေ အများကြီးနဲ့ဟာလား"

"အေး..."

"နိုင်ငံရေး အသင်းရုံပေါ့ဗျာ။ တောင်သူလယ်သမားတို့၊ အမျိုးသမီးတို့ ဘာတို့ ညာတို့ပေါ့ဗျာ"

"ဆိုင်းဘုတ်တွေ များလှချည့်လားကွယ်..."

တစ်ဖက်မှလူသည် မည်သို့မှ အဖြေမပေးဘဲ ရယ်နေလေသည်။

ဦးရာကျော်သည် ဦးခေါင်းကို ခပ်စောင်းစောင်းကလေးထား၍ တစုံတစ်ခုကို နားထောင်နေလေသည်။ သူသည် မော်တော်ကားသံကို ခပ်လှမ်းလှမ်းမှ ကြားနေလေသည်။

"ဟော့ မော်တော်ကား လာပြီထင်တယ်၊ သူ့ဟာသူ ရေရွတ်နေလေသည်။

"ဟုတ်တယ်။ လာပြီထင်တယ်၊ ဘာကိစ္စ ရှိလို့လဲ" အနီးရှိလူက မေးလိုက်လေသည်။

"ကိစ္စလား၊ ရှိတာပေါ့။ ကျုပ်သားလေ၊ ကျုပ်သား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင်လှဖေ ကောလိပ်ကျောင်းက ပြန်လာလိမ့်မယ်။ ဒါကြောင့် လာကြိုတာ"

ဦးရာကျော်သည် သည်လက်ဖက်ရည်ဆိုင်ထဲတွင် သည်လို ခပ်ကျယ်ကျယ်လေး ပြောချင်နေတာ ကြာလှပြီ။ အခုမှ သူ့အလိုကျဖြစ်သွားသည်။ သူသည် ပီတိဟုန်လွှမ်းသော မျက်နှာထားနှင့် ပြုံးနေလေသည်။

"သြော် ဟုတ်လား မောင်လှဖေ ကျောင်းက ပြန်မှာကိုး... ဘယ်နှစ်တန်းလဲ"

ထွန်းရွှေသည် သူ့အနီးသို့ ရောက်လာပြန်၍ မေးလေသည်။

"သူတို့အခေါ်တော့ ဇော်ဂျီဆိုလား၊ ဝိဇ္ဇာဆိုလား မသိပေါင်။ ကျုပ်တော့ လွယ်လွယ်ပဲ ဆယ့်သုံးတန်းလို့ မှတ်ထားတယ်။ ဒီနှစ်ဆယ့်သုံးတန်းအောင်၊ နောင်နှစ် ၁၄ တန်းအောင် ဆိုရင်ပြီးရောလို့ ပြောတာပဲ။ အဲဒီလိုဆိုရင် ဝန်ထောက်တို့၊ အရေးပိုင်တို့ ခဏလေး ဖြစ်သွားမှာတဲ့"

အဘိုးကြီးသည် သူသိသလောက် လျှောက်ပြောနေလေသည်။

"ကျုပ်သားက ပညာအရာမယ် အလွန်တော်တာ။ ကောလိပ်ဆိုတာ တော်ရုံတန်ရုံလူ မရောက်နိုင်ဘူး။ ပညာပါရမီရှိတဲ့လူမှ ရောက်နိုင်တာ။ ပြီးတော့ မိဘကလည်း တတ်နိုင်ဦးမှ။ အခု ကျုပ်သားအတွက် တစ်လကို တစ်ရာမှန်မှန် ပို့ရတယ်။ တစ်ခါတစ်ခါ စာအုပ်ဖိုးတွေဘာတွေ ပေးစရာရှိရင် တစ်ရာ့ငါးဆယ်၊ နှစ်ရာအထိ ပို့ရတယ်။ ဟော... ဟော...ကားလာပြီ။ ကျုပ်သားပါလာပြီ။ သွားကြိုလိုက်ဦးမယ်"

သူသည် သားအကြောင်း ဆက်၍ပြောနေချင်သေးသော်လည်း ကားဆိုက်ပြီဖြစ်၍ သားကို တွေ့ချင်ဇောနှင့် ဒရောသောပါး ကားဆိုက်သည့်နေရာသို့ ပြေးသွားလေ၏။

လက်ဖက်ရည်ဆိုင်ထဲမှ လူများသည် ပြုံး၍ကျန်ရစ်လေ၏။

ဦးရာကျော်သည် ကားနားသို့ရောက်လျှင် အောက်မှ တမော့မော့နှင့် သူ့သားကို ရှာလေသည်။ တစ်ဖက်တွင် မတွေ့လျှင် အခြားတစ်ဖက်သို့ လှည့်ပတ်ရှာလေသည်။ နောက် ကားနောက်ပိုင်းမှသွား၍ အတွင်းသို့မော့၍ကြည့်၍ ကုန်အိတ်တွေပေါ်မှကုန်း၍ ထွက်လာသော သူ့သားကို တွေ့လေသည်။

အဘိုးကြီးသည် စကားမပြောနိုင်ဘဲ ပြုံးပြုံးကြီး လက်ယပ်ခေါ်နေလေသည်။

"ဟင် ဖေဖေ လာကြိုနေတယ်လား"

မောင်လှဖေသည် ခေါင်းကိုမော့လိုက်မှ သူ့အဖေကို တွေ့လေသည်။

"အေး...အေး"

ဦးရာကျော်ကဖြေရင်း ကားပေါ်မှ ခုန်ချသည့် သား၏လက်ကို ဖမ်းကိုင်လိုက်ပြီးလျှင် မြေပေါ်သို့ ရောက်လာသောအခါ ဆံပင်ပေါ်တွင် ကပ်နေသည့် ဖုန်များကို သူ့ခေါင်းမှ မျက်နှာသုတ်ပုဝါကြီးကို ဖြုတ်၍ခါပေးနေလေသည်။

"ဒီ–ကားလမ်းက သိပ်စိတ်ပျက်စရာကောင်းတာပဲ ဖေဖေ။ လူကလည်း ကျပ်၊ ဖုန်တွေကလည်း သိပ်များတာပဲ။ ပြီးတော့ ဒရိုင်ဘာကလည်း မူးနေသလား မသိဘူး။ ဒီလောက်ကြမ်းတဲ့လမ်းကြီးကို အရမ်းမောင်းတာပဲ"

မောင်လှဖေသည် သူ့အဖေကို တိုင်နေလေသည်။

"အေး...အေး..." ဦးရာကျော်သည် သူ့အား ပြောသည့်စကားတွေကို မကြား။ အားမရ တားမတိမ်နိုင်သော မျက်လုံးများနှင့်သာ ကြည့်လျက် ဖုန်တွေကိုသာ မျက်နှာသုတ်ပုဝါနှင့်ပုတ်ကာပုတ်ကာ ခါပေးနေလေသည်။

"အမယ် ငါ့သား သိပ်ဝလာတာပဲဟေ့။ ထွားလည်း ထွားတယ်ကွဲ့"

ဦးရာကျော်သည် ကာကီဘောင်းဘီရှည်၊ စပို့ရှပ်လက်တိုနှင့် သူနှင့်အရပ်အမောင်း ညီတူဖြစ်နေသော သားကို ချီးကျူးနေလေသည်။

"ကျွန်တော် ပစ္စည်းတွေ ချရဦးမယ် ဖေဖေ"

မောင်လှဖေက ပြောလိုက်မှ ဦးရာကျော်လည်း သတိရလာလေတော့သည်။

"ဟေ့ ဟေ့ ဘသော် ပစ္စည်းတွေ ချပါကွ။ ဘာလုပ်နေတာလဲ။ လှည်းပေါ်တစ်ခါတည်း တင်ကွာ"

ဦးရာကျော်က ပြောလိုက်မှ အနီးရှိ ဘသော်ကို မောင်လှဖေ သတိမူမိလေသည်။ သူသည် ဘသော်ကို တစ်ချက်ကြည့်၍ ပြုံးလိုက်လေသည်။

"ကိုဘသော် ကြည့်ချဗျာ။ ဟိုစာအုပ်သေတ္တာတော့ ခင်ဗျားတစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး။ အဲဒီသေတ္တာကျတော့ ကျွန်တော့်ကိုခေါ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



မောင်လှဖေက ပြောလိုက်ရာ ဦးရာကျော်သည် ကမန်းကတန်းနှင့် ဝင်၍ပြောလေသည်။

"အမယ်... ဒါလောက်တော့ ဒီကောင်က နိုင်ပါတယ်သားရာ။ သား မ နေဖို့ မလိုပါဘူး။ ဒီကောင်က စပါးအိတ် ပိုးနေကျပါ"

မောင်လှဖေသည် သူ့ဖခင်၏ စကားကို မနှစ်သက်သော်လည်း ဘာမှမပြောဘဲ ငြိမ်နေလိုက်လေသည်။ ကားဆိပ်တွင် ရောက်နေကြသည့် လူအများသည်လည်း သူတို့သားအဖကို ထူးထူးဆန်းဆန်း ဝိုင်းအုံ၍ကြည့်နေကြလေသည်။ ထိုကဲ့သို့ အကြည့်ခံရသည်ကိုပင် ဦးရာကျော်သည် အထူးကျေနပ်ကာ ပြုံးပြုံးပြုံးပြုံးနှင့်–

"ဒါ ကျုပ်သားလေ လောကိတ်က ပြန်လာတာ။ အဲလေ ယောင်လို့ ကောလိပ်က ပြန်လာတာ" ဟု ထပ်တလဲလဲ ပြောနေလေရာ မောင်လှဖေသည် မျက်နှာမထားတတ်အောင် ဖြစ်နေသော်လည်း အသာကျိတ်၍ ငြိမ်နေလေသည်။

"ကဲ... ပစ္စည်းတွေတင်ပြီးပြီ"

ဘသော်သည် အနီးသို့လာ၍ ပြောလေသည်။

"စာအုပ်သေတ္တာကြီး နိုင်ရဲ့ကိုး"

မောင်လှဖေကမေးလိုက်ရာ ဘသော်က ခေါင်းညိတ်ပြနေစဉ်–

"နိုင်ပါတယ်ဆိုမှပဲ သားရာ" ဟု ဦးရာကျော်က ဝင်ပြောလိုက်လေသည်။

နွားများကိုတပ်၍ သုံးဦးသား လှည်းပေါ်သို့ တက်မိကြသောအခါ "ကဲ–နောက်မှ လာလည်ဦးမယ်၊ သွားမယ်နော်" ဟု မောင်လှဖေက အနီးမှ လူများကို နှုတ်ဆက်လိုက်လေသည်။

"အေး... လာလည်ဦးနော်" ဟူသော အသံများကို ကြားနေရစဉ် လှည်းသည် သွက်သွက်ကြီး ထွက်သွားလေ၏။

ဦးရာကျော်သည် တစ်လမ်းလုံး တဗျစ်တောက်တောက် စကားပြောလာလေသည်။ မောင်လှဖေသည် ကရားရေလွှတ် တတွတ်တွတ်ပြောနေသည့် သူ့ဖခင်၏ စကားတွေကို စိတ်မပါတပါနှင့် နားထောင်ရင်း အင်းလိုက်နေရာမှ တစ်ခါတစ်ခါ မရှင်းသည့်အချက်များ ကျရောက်သောအခါ မေးခွန်းထုတ်လိုက်လေသည်။

"ငါ့သားရေ ဒီနှစ်တော့ လယ်သမားတွေ သိပ်ပွတာပဲ။ တို့လယ်ရှင်တွေသာ ဗိုက်မှောက်ပြီး အိပ်နေရတာ။ လယ်ခ လယ်ခွန်တော် နှစ်ဆတဲ့ကွာ။ ဘယ်တုန်းကမှ ကြားဖူးပေါင်၊ ကြုံဖူးပေါင်။ ဒီကောင်တွေကို ဘယ်လိုလုပ်လုပ် ဘယ်တော့မှ မချမ်းသာပါဘူးကွ။ ဒီငွေတွေ တို့လက်ထဲ မရောက်တော့ ဘယ်ရောက်လဲသိလား။ ဘုံဆိုင်တို့၊ ကြက်ဝိုင်းတို့၊ ပန်းထိမ်ဖိုတို့ ရောက်ကုန်တာပဲ"

"ဘုံဆိုင်နဲ့ ကြက်ဝိုင်းရောက်တာတော့ မကောင်းပါဘူး။ ပန်းထိမ်ဖိုရောက်တာတော့ ကောင်းသားပဲ။ ရွှေဆိုတော့ လိုတဲ့အချိန် ငွေဖြစ်တာပေါ့"

မောင်လှဖေက ဆင်ခြေပေးလိုက်ရာ ဦးရာကျော်သည် သူ့သားကိုပြုံး၍ကြည့်လိုက်လေသည်။

"ဟေ ဘယ်ကလာ ငွေဖြစ်လိမ့်မလဲကွ။ ဒီကောင်တွေ ဘာမှသိတတ်တာမှမဟုတ်ဘဲ။ ပန်းထိမ်ဖိုတွေက ရွှေဆိုပြီး ကြေးတွေချည့် ရောင်းနေတာ။ မင်းလှပန်းထိမ်ဖိုတစ်ခုများဖြင့် စပါးပေါ်မှ ကြေးလင်ပန်းကြီးနှစ်ချပ် ကုန်သတဲ့"

မောင်လှဖေသည် မည်သို့မျှမပြော။ ငြိမ်နေလိုက်လေသည်။ နေသည် အနောက်ဘက်သို့ စောင်းစပြုနေ၏။ ရိုးဖြတ်တို့သည် ဆည်းဆာချိန် နေရောင်ဟပ်၍ ရွှေရောင်လို ဝင်းနေလေသည်။ သစ်ပင်ကြီးတွေ အုပ်ဆိုင်း၍ ညို့မှိုင်းနေသည်။ သူ့သပြေပင်ရွာကလေးသည် သူ့ကို ခပ်လှမ်းလှမ်းမှ ခရီးဦးကြို ပြုနေလေသည်။

"ကြည့်စမ်းပါ့ ဖေဖေရယ်။ ကျွန်တော်တို့ သပြေပင်ရွာကလေး ဘယ်လောက်လှသလဲ" သူသည် အူလိုက်သည်းလိုက် ချီးကျူးလိုက်လေသည်။

"တို့ရွာ ဘာမှထူးပြီး မလှပါဘူးကွယ်။ သူများရွာတွေလိုပါပဲ။ သွပ်မိုးအိမ် သုံးလေးအိမ်နဲ့ တဲစုတ်တဲပုတ်တွေ ခြံရံနေတာပါ"

နွားတို့သည် ရွာနားရောက်မှ ပို၍သွက်သွက်ကြီး လှမ်းနေကြလေသည်။ မောင်လှဖေသည် ရေအိုးကိုယ်စီနှင့် ရေခပ်ထွက်လာကြသော လုံမပျိုများကို တစ်ယောက်စီကြည့်နေလေသည်။ လှည်းသည် သူတို့အနားသို့ ရောက်သောအခါ "ကိုလှဖေကြီး ပြန်လာပလား" "ဘယ်တုန်းက ပြန်လာသလဲ" "မြို့ကပြန်လာလို့ သိပ်ဝလာတာပဲ" စသည်ဖြင့် တစ်ယောက်တစ်မျိုး လှမ်း၍ နှုတ်ဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ဆူညံနေလေတော့သည်။ သူတို့အထဲတွင် ဆံတောက်ဖားဖား၊ ရှံသားအင်္ကျီခပ်ပွပွနှင့် သရက်ထည်လုံချည်အပြာကလေးကို ဝတ်ဆင်ထားသည့် ၁၇ နှစ်ခန့်သာ ရှိသေးသည့် မမြနှစ်ကလေးမှာကား ပါးစပ်မှဖွင့်ဟ၍ နှုတ်မဆက်သော်လည်း သူ့ကို စိမ်းစိမ်းဝါးဝါးကြီးကြည့်ရင်း ပြုံး၍ကျန်ရစ်လေ၏။ မောင်လှဖေအဖို့တွင်လည်း သူများနှုတ်ဆက်နေသည်များကို မကြားနိုင်၊ ထိုဆံတောက်ဖားနှင့် မိန်းမပျိုကိုသာ ငေးကြည့်ရင်း လိုက်ပါလာခဲ့ရာ သူတို့နှင့် တဖြည်းဖြည်းဝေး၍ ရွာထဲသို့ ရောက်လာကြလေ၏။

"ဟေ့ သား၊ ဒီဟာမလေးတွေကို သိပ်အရောမဝင်နဲ့နော်။ အရှိအသေတန်တယ်"

"ဖေဖေကလည်း သူငယ်ချင်းတွေပဲဟာ"

"ချင်း–ချင်း–ကွာ။ လောကီတ်ကျောင်းသားနဲ့ တူအောင် နေစမ်းပါ"

"ကောလိပ်ပါ ဖေဖေရဲ့"

"အေး...အေး...ယောင်လို့"

လှည်းသည် သစ်ပင်ရိပ်ကောင်းလှသည့် ခြံကြီးအတွင်းသို့ ဝင်သွားကာ ပျဉ်ထောင်အိမ်ကြီးရှေ့တွင် ရပ်လိုက်လေသည်။

အိမ်အတွင်းမှ အသက်လေးဆယ်ကျော်ခန့်ရှိသော အဒေါ်ကြီးသည် အပေါက်ဝသို့ ထွက်လာကာ ပြုံးပြုံးကြီးနှုတ်ဆက်လိုက်သည်။

"ဟော ပြန်လာကြပကိုး။ သားလည်း ပါလာတယ်နော်"

မောင်လှဖေနှင့် သူ့အဖေသည် လှည်းပေါ်မှဆင်း၍ အိမ်ပေါ်သို့ တက်လာကြလေသည်။ အပေါက်နားတွင် ခပ်ကျုံ့ကျုံ့ကလေးထိုင်နေသည့် လူကြီးတစ်ယောက်သည် သူတို့သားအဖကို ပြုံး၍ကြည့်နေလေသည်။

"ဟင်... ဦးလေးပါလား"

မောင်လှဖေက သူ့ကိုလှမ်း၍ နှုတ်ဆက်လိုက်လေသည်။

"အေး...မောင်လှဖေ ကျောင်းကပြန်လာသလား"

ဦးလေးအခေါ်ခံသူက ပြန်၍ နှုတ်ဆက်လေသည်။

မောင်လှဖေသည် အပြင်ခန်းရှိ ဆင့်ပေါ်တွင် ထိုင်ကာ သူ့နောက်ပိတ်ဖိနပ်ကြီးကို ချွတ်နေလေသည်။

"ဟဲ့ မိခွေး ဘသော်နဲ့ ကူပြီး ပစ္စည်းတွေချဟဲ့" ဟု အဒေါ်ကြီးကပြောပြီး ကြမ်းပြင်ပေါ်တွင် ထိုင်နေသူဘက်သို့ လှည့်ကာ "ကဲ... မောင်ဘ မင်းကိစ္စ ပြောလို့ပြီးမှာမဟုတ်ဘူး။ သွားပေဦးတော့။ နောက်မှ ပြောကြသေးတာပေါ့" ဟု ပြောလိုက်လေသည်။

"ဘာတုန်းကွဲ့"

ဦးရာကျော်က သိလျက်သားနှင့် သူ့ဇနီးမယ်ဟန်ကို လှမ်း၍မေးလိုက်လေသည်။

"ဘာရမလဲ လယ်ခပေါ့"

မမယ်ဟန်က ခပ်ငေါ့ငေါ့ပြောလိုက်လေသည်။

"ဒီလယ်ခကလည်း ခုထိ မပြီးသေးဘူးလားကွဲ့"

"ဘယ်ပြီးဦးမလဲတော်။ သူတို့က သိပ်လောဘ ကြီးနေတာ"

"အင်း... မင်းတို့ တယ်တရားပျက်ကြတာကိုးကွဲ့။ ကျေးဇူးဆိုတာ သိတတ်ရတယ်ကွဲ့" ဦးရာကျော်က ခပ်အေးအေး ပြောလိုက်လေသည်။

"ကျွန်တော်လည်း ကျေးဇူးသိတတ်ပါတယ် ဦးလေးရ။ ဒါကြောင့်မို့ တစ်ရာယူပါလို့ ပြောတာပါ" ကိုဘသည် နေရာမှ မထသေးဘဲ ပြောလိုက်လေသည်။

"ဟေ... တစ်ရာယူရမယ်။ ဟား... ဟား...နှစ်ရာ့ငါးဆယ်နဲ့ ချတဲ့လယ် တစ်ရာ ယူရမယ်ဟုတ်လား။ မင်းတယ်ပြောတတ်ပါလားဟေ။ မယူဘူးဟေ့၊ မယူဘူး သိလား။ နှစ်ရာ့ငါးဆယ်နဲ့ချတဲ့လယ်။ ဒီနှစ်ရေကြီးလို့ နည်းနည်းပျက်စီးတဲ့အတွက် ငါးဆယ်လျှော့လိုက်မယ်။ နှစ်ရာက တစ်ဈေးလျှော့ရင် မယူဘူးကွဲ့သိလား။ မင်းတို့ မပေးပေမဲ့ ငတ်မသေသေးဘူး။ ငါ့ကြွေးရှိတဲ့လူတွေ နောင်ဘဝကျမှ ခိုင်းမယ်"

ဦးရာကျော်သည် ဒေါနှင့်မောနှင့် ပြောနေလေသည်။ မောင်လှဖေသည် သူ့အဖေနှင့် ကိုဘကို တစ်လှည့်စီ ကြည့်နေလေသည်။

"ဖေဖေ အစိုးရက လယ်ခွန်တော်နှစ်ဆ သီးစားခဆုံးဖြတ်ထားတယ်မဟုတ်လား"

မောင်လှဖေက ရုတ်တရက် ဝင်ပြောလိုက်လေသည်။

အဘိုးကြီးသည် ထိုင်နေရာမှ ငေါက်ခနဲထကာ ရှုံးခနဲ မှုတ်ထုတ်လိုက်ပြီးလျှင် "ဟေ့ သား... မင်း အသာနေစမ်းပါ" အော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘ မင်း သေသေချာချာ စဉ်းစားကြည့်စမ်း၊ ငါတို့ကျေးဇူး မင်းအပေါ်မယ် ဘယ်လောက်ကြီးတယ်ဆိုတာ။ ဒီလယ်ကို မင်းလုပ်လာတာ ဆယ်နှစ်လောက်ရှိပြီ။ ဒီလယ်ကြောင့် မင်းအသက်ရှင်နေတယ်။ မင်း တစ်နှစ်က ရှင်ပြုရတာလည်း ဒီလယ်ကြောင့် မဟုတ်ဘူးလား။ အခု မင်း လှည်းနဲ့နွားနဲ့ လူချင်းတူနေတာလည်း ဒီလယ်ကြောင့် မဟုတ်လား။ ဒီလယ်ကို ဘယ်သူကချသလဲ။ တို့ကချတယ်။ တို့ကို မင်း ဘာကြောင့် ကျေးဇူးကန်းချင်သလဲ" ဒေါ်မယ်ဟန်က တစ်လှည့်ပြောနေပြန်လေသည်။

"ကျေးဇူးကန်းတာမဟုတ်ပါဘူး ဒေါ်ဒေါ်၊ ကျေးဇူးသိတတ်လို့သာ အစိုးရဆုံးဖြတ်ထားတဲ့ နှုန်းထက်ပိုပေးနေတာပေါ့။ ဆုံးဖြတ်ထားတဲ့ နှုန်းအတိုင်းဆိုရင် စပါးငါးဆယ်ထက် ပိုမကျနိုင်ပါဘူးဗျာ"

ကိုဘက ပြန်၍ တွက်ပြနေပြန်လေ၏။

"အမယ်… မင်း တယ် အတွက်အချက်တွေ ကောင်းနေပါလားဟေ့"

ဦးရာကျော်က ဝင်၍ တောလိုက်ပြန်လေ၏။

"ကဲ… ဖေဖေ တော်ပါတော့ဗျာ။ နောက်မှရှင်းကြပါတော့။ ကျွန်တော် ထမင်းဆာလှပါပြီ။ ကဲ… ဦးလေးဘ နောက်မှလာဗျာ"

မောင်လှဖေက ကြားဝင်၍ လူစုခွဲလိုက်လေသည်။ ကိုဘသည် ခပ်သုတ်သုတ် ထွက်သွားလေ၏။

"သိပ်ကတတ်သီးကတ်သပ်နိုင်တဲ့ကောင်"

ဒေါ်မယ်ဟန်က နောက်ဆက်တွဲကလေး တွန့်လိုက်ပြန်သည်။

"ကဲ… ကဲ တော်ပါတော့ကွာ။ ထမင်းခူးဟေ့။ ဟေ့ ငါ့သား ရေချိုးပါဦးကွ။ ဟာ… ဟာ မဖြစ်ဘူး။ နေပူထဲကလာတာ။ နက်ဖြန်မှချိုး။ ထမင်းသာခူးဟေ့။ ငါ့သား ကြိုက်တတ်တဲ့ ဘဲသားလည်း ချက်ထားတယ်ကွ။ ဘဲဈေးကလည်း ကြီးပါ့ကွာ။ သုံးကျပ်တောင်"

* * *

လပြည့်ကျော် (၅) ရက်နေ့ဖြစ်လေသည်။

ရွာတွင်းမှ ကြက်တစ်ကောင်သည် လေးလေးတွဲ့တွဲ့ စတင်တွန်ကျူးလိုက်သဖြင့် တစ်ရွာလုံးရှိ ကြက်ရဲဘော်တို့သည်လည်း အားကျမခံ တစ်ကောင်ပြီးတစ်ကောင် တွန်ကျူးကြလေရာ တစ်ရွာလုံး သူတို့အသံတွေနှင့် ဆူညံနေလေ၏။ သက်ကြီးခေါင်းချချိန်ဖြစ်သည်။ အရှေ့ဘက်တောင်တန်းကိုမေးတင်ကာ ထွက်ပြူလာသော လမင်းကြီးသည်လည်း တဖြည်းဖြည်း အရောင်ရွှန်းကာ တလောကလုံး ထွန်းနေလေသည်။ သပြေပင်ရွာကို အုပ်မိုးလျက်ရှိသော သရက်ပင်၊ မရမ်းပင်များတို့သည်လည်း ငွေရောင်ထိုးနေသဖြင့် တလက်လက်ဖြစ်နေသည့်ပြင် ရွာတွင်းသို့လည်း သစ်ရွက်များကြားမှ လရောင်ကလေးများသည် လမ်းကြိုလမ်းကြားနှင့်တကွ အိမ်ခေါင်မိုးများပေါ်တွင် ရောင်ခြည်ကွက်တွေနှင့် ယှက်နေလေ၏။

အချို့အိမ်သူအိမ်သားများသည် တစ်နေ့ခင်းလုံး မောမောပန်းပန်းနှင့် အိပ်ခန်းသို့ ဝင်ကုန်ကြပြီဖြစ်သော်လည်း အချို့ရွာသူရွာသားများမှာကား အခိုးတလူလူနှင့် ရေနံဆီမီးခွက်ကြီးများကို ထွန်းကာ သက်ငယ်ပျစ်သူတို့ပျစ်၊ မောင်းထောင်းသူတို့ထောင်းနှင့် ဝမ်းစာအတွက် အပတ်တကုပ် အလုပ်လုပ်နေကြလေသည်။ ထိုအချိန်တွင် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ကလေးထိုးကာ လမ်းမကြီးအတိုင်း လျှောက်လာနေသူတစ်ယောက်ကို မည်သူမှ သတိမမူမိကြချေ။ သူသည် မှောင်ရိပ်ခိုကာ ခပ်သွက်သွက်ကလေး လျှောက်လာပြီးနောက် လမ်းကြားလေးတစ်ခုထဲသို့ ချိုးဝင်လိုက်လေသည်။ သရက်ပင်ကြီးတစ်ပင်အောက်သို့ရောက်သောအခါ ၎င်းနှင့်ကပ်လျက်ရှိသော ခြံစည်းရိုးကို အသာဖြဲ၍ ဝင်းကြီးတစ်ခုထဲသို့ ဝင်လိုက်လေသည်။ ထိုနေရာသို့ သူရောက်၍ မရှေးမနှောင်းပင် ခပ်လှမ်းလှမ်း အိမ်ကလေးဆီမှ သဏ္ဌာန်တစ်ခုသည် သူ့ဆီသို့ ခပ်သုတ်သုတ်လာကာ အနီးရောက်လျှင် "ကိုကြီးလှဖေ"ဟု တိုးတိုးကလေး ခေါ်လိုက်ရာ သူကလည်း "မမြနှစ်"ဟု ပြန်၍ ခေါ်လိုက်သည့်အဆုံးတွင် တစ်ယောက်ကိုတစ်ယောက် သိမ်းကျုံး၍ ဖက်လိုက်လေသည်။

တိတ်ဆိတ်နေသည့်အချိန်တွင် သူတို့နှစ်ယောက်၏ အသက်ရှူသံများသည် သစ်ပင်ထက်မှ ငှက်တစ်ကောင်ကို လန့်၍ထပျံစေလေသည်။ သည်တော့မှ သူတို့နှစ်ဦးသည် ကိုယ်ချင်းခွာလိုက်ကြကာ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားကြလေသည်။

"အစ်ကိုကြီး ပြန်မှပြန်လာပါတော့မလားလို့ စိုးရိမ်မိ လိုက်ရတာ"

www.burmeseclassic.com

www.burmeseclassic.com



မမြနှစ်ကစ၍ စကားပြောလေသည်။

မောင်လှဖေသည် မမြနှစ်ကလေးကို ပွေ့လိုက်ကာ ခပ်လှမ်းလှမ်းရှိ ပိန္နဲပင်ကြီးအောက်ရှိ ခုံတန်းလျားလေးပေါ် သို့ ယူသွားလေ၏။ မမြနှစ်သည် သူ့အစ်ကိုကြီး၏ လည်ပင်းကို လက်နှင့်သိုင်း၍ ရင်ခွင်တွင် မှေးရင်း လိုက်ပါသွားလေ၏။

"ဘယ် ပြန်မလာဘဲ နေပါ့မလဲကွယ်" မောင်လှဖေက လမ်းသွားရင်း တိုးတိုးလေးပြောလိုက်လေသည်။

မောင်လှဖေသည် သူ့ကို ခုံတန်းလျားလေးပေါ်မှာ ချ၍ နှစ်ယောက်သားယှဉ်၍ ထိုင်လိုက်ကြလေသည်။ ထိုနေရာမှ မမြနှစ်တို့အိမ်ဆီက မီးရောင်ကို အထင်းသား မြင်ရလေ၏။

"ကိုကြီးရေ အိမ်ထဲ သွားကြပါစို့လားကွယ်" မမြနှစ်က သူ့ခေါင်းကလေးကို မောင်လှဖေ၏ ရင်ခွင်တွင်မှေး၍ ပြောလိုက်လေသည်။

"ဦးလေးဘနဲ့ ဒေါ်ဒေါ်တို့ မရှိဘူးလား"

"သူတို့ မြောက်ပိုင်းက အဒေါ်အိမ်ကို သွားကြတယ်။ ရှိလည်း ကိစ္စမရှိပါဘူး။ အဖေကတောင် ကိုကြီးနဲ့ တွေ့ချင်သေးတယ်လို့ ညနေက ကိုကြီးတို့အိမ်က ပြန်လာတုန်းကတောင် ပြောသေးတယ်။ ကျွန်မ အိမ်ကစောင့်နေမလို့ဟာ နောက်ဖေးကလာမယ်ဆိုလို့သာ ဆင်းလာခဲ့ရတယ်"

သူတို့နှစ်ယောက်သည် ယှဉ်တွဲကာ အိမ်ဆီသို့ လျှောက်လာကြ၏။ မမြနှစ်တို့၏ သုံးခန်းအိမ်ကလေး၏ အတွင်းခန်းသည် တလူလူတောက်လောင်လျက်ရှိသော ရေနံဆီမီးခွက်ကြီး၏ အရောင်ဖြင့် လင်းထိန်လျက်ရှိ၏။ သူတို့နှစ်ယောက် အိမ်ပေါ်သို့ ရောက်ကြသောအခါ မမြနှစ်၏ညီမကလေး မမြချစ်က ပြုံး၍ ခရီးဦးကြိုဆိုလေ၏။

"ဟယ်... သူသိပ်ထွားလာပါကလား"

မောင်လှဖေသည် ဆံရစ်ဝိုင်းကလေးနှင့် သူငယ်မကလေး၏ ကျောကိုသပ်၍ နှုတ်ဆက်လေသည်။ သူငယ်မကလေးသည် သူ့လက်မောင်းကြီးကို လက်နှစ်ဖက်နှင့် ပိုက်ထွေးရင်း သင်ဖြူးခပ်ချောချော ခင်းထားသည့်နေရာသို့ ခေါ်ဆောင်ခဲ့လေသည်။

"ကိုကြီးသွားတာပဲ တစ်နှစ်လောက် ရှိမင့်ဟာ။ မမြင်တာကြာတော့ ကြီးတာပေါ့"

မမြနှစ်ကပြန်၍ သူ့အနီးတွင် ကျုံ့ကျုံ့ကလေးထိုင်လိုက်လေသည်။ မမြနှစ်သည် ညနေတုန်းက မြင်ရသော ရှုံသားအင်္ကျီ၊ သရက်ထည်လုံချည်ကလေးနှင့်ပင် လှနေလေသည်။ သူတို့နှင့် မနီးမဝေး အခန်းပြင်ဘက်တွင် ခြောက်နှစ်အရွယ် သူငယ်ကလေးသည် ကိုယ်တုံးလုံးနှင့် မှောက်လျက်သား အိပ်နေသည်ကို မောင်လှဖေ လှမ်း၍ ကြည့်လိုက်လေသည်။

"ဟိုအိပ်နေတာ ဘိုးထူးလား။ သူလည်း တော်တော် ထွားနေတာပဲ"

"ဟုတ်တယ် သူ့အောက်တစ်ယောက်ကတော့ နှစ်ခါလည်လောက်ရှိပြီ။ မေမေတို့နဲ့ ပါသွားတယ်"

မမြနှစ်သည် နေရာမှထ၍ တန်းပေါ်မှ ပုဆိုးဟောင်းတစ်ခုကို ဆွဲယူကာ ခြုံပေးရင်း ပြောလိုက်လေသည်။

သူသည် မောင်လှဖေဆီသို့ ပြန်ရောက်လာကာ အနီးတွင် ကျုံ့ကျုံ့ကလေးထိုင်ရင်း မီးရောင်ဟပ်နေသည့် ချစ်သူ့မျက်နှာကို ရွှန်းရွှန်းစားစားကြီး ကြည့်နေလေ၏။ သူ့ချစ်သူကလည်း သူ့ကို နီးနီးကပ်ကပ် စိုက်ကြည့်နေပြန်လေရာ မျက်တောင်တစ်ချက်ခတ်ပြီးလျှင် ဦးခေါင်းကို ငုံ့ပစ်လိုက်ကာ သင်ဖြူးကိုလက်သည်းဖြင့် ခြစ်နေလေသည်။

"မမ ကျွန်မ လက်ဖက်ရည် သွားထည့်လိုက်ဦးမယ်"

မမြချစ်သည် ပြောပြောဆိုဆိုနေရာမှထကာ မီးဖိုဘက်သို့ ဝင်သွားလေ၏။

မောင်လှဖေသည် ခေါင်းငိုက်စိုက်ကျကာ မတုန်မလှုပ်ကြီးလုပ်နေသော မမြနှစ်၏လက်ကလေးများကို ဆွဲယူလိုက်ရာ ကိုယ်ကလေးသည်လည်း အလိုက်သင့်ပါလာကာ သူ့ရင်ခွင်ထဲသို့ရောက်လာလေ၏။ သူသည် တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားကာ ပါးအို့ကလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် မွှေးလိုက်ရင်း "ချစ်ကဲ့လား" ဟု တိုးတိုးလေး မေးလိုက်လေ၏။

မမြနှစ်သည် အဖြေမပေးနိုင်ဘဲ ရင်ခွင်ထဲမှ ရုန်းကန်ထွက်ကာ အနီးတွင်ထိုင်၍ တရှိုက်ရှိုက် ငိုကြွေးလေတော့သည်။

မောင်လှဖေသည် အထူးအံ့အားသင့်ကာ အတန်ကြာအောင် မတုန်မလှုပ်ကြီး ဖြစ်နေလေသည်။

မမြနှစ်သည် သူ၏ ငယ်ချစ်ဖြစ်သည့်ပြင် တ

www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်တစ်ယောက်လည်း ငယ်သူငယ်ချင်းများဖြစ်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်မိုးစွေခဲ့ကြသည်မှာ သုံးနှစ်သုံးမိုး လွန်မြောက်၍ လေးနှစ်သို့ပင် တိုင်ခဲ့လေပြီ။ ထိုအတောအတွင်းတွင်လည်း ချစ်သူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အသက်ပေးကာ ချစ်ခင်လာကြသည့်အလျောက် အချစ်နယ်ထဲသို့ စည်းကမ်းကျော်လွန်ကာ လွန်ကျူးခြင်းမရှိကြစေကာမူ ချစ်သူတို့ဘာဝ ဤကဲ့သို့ ပွေ့ဖက်မွေးကြူခြင်းတို့ကား အကန့်အကွက်မရှိ လွတ်လွတ်လပ်လပ်ကြီး ဆင်နွှဲခဲ့ကြသည်။ ယခုမှ ကန့်ကွက်သောအသွင်လို တရှိုက်ရှိုက်ငိုကြွေးနေသည်ကို တွေ့ရသော မောင်လှဖေသည် အထူးစိတ်မကောင်းဖြစ်နေလေ၏။

"မမြနှစ်ရယ် ကိုကြီးကို စိတ်ဆိုးသွားပလား"

မောင်လှဖေသည် မမြနှစ်အနားသို့ တိုးသွားကာ မေးလိုက်လေသည်။

"မဆိုးပါဘူး"

မမြနှစ်က ရှိုက်ရင်းဖြေကြားလေသည်။

"မဟုတ်ဘူး မမြနှစ်။ ကိုကြီးတော့ သိပ်စိတ်မကောင်း ဖြစ်သွားတာပဲ။ မမြနှစ်ဟာ ဘယ်တုန်းကမှ ဒီလိုမငိုခဲ့ဖူးဘဲနဲ့ ဘာဖြစ်လို့ အခုမှ ဒီလိုဝမ်းနည်းပက်လက်ကြီး ငိုရတယ်ဆိုတာ ကိုကြီးကို ပြောပါဦးကွယ်"

မောင်လှဖေသည် တစ်လုံးချင်း မေးလိုက်လေသည်။ မမြနှစ်သည် မျက်ရည်တွေ ပြည့်နေသော မျက်လုံးကြီးများနှင့် သူ့ချစ်သူကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ "အစ်ကိုကြီး မမြနှစ်ကို ချစ်ပါတယ်နော်"ဟု အသည်းနှလုံးမှ ထွက်ပေါ်လာသော အသံဖြင့် လေးလေးပင်ပင်ကြီး ပြောလိုက်လေ၏။

"မမြနှစ် ဒါ မေးနေစရာ လိုသေးလားကွယ်"

မောင်လှဖေက ဒီလိုပြောလိုက်လျှင် သူသည် မချုပ်တည်းနိုင်သကဲ့သို့ နေရာမှ ရုတ်တရက်ထကာ မောင်လှဖေတစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်လိုက်ပြီးလျှင် ညာဖက်ပါးကို တအားကုန်နမ်းလိုက်လေသည်။

မောင်လှဖေကလည်း သူ့ခေါင်းကလေးကို လက်နှစ်ဖက်နှင့် ဆွဲယူ၍ထားကာ ပြန်၍နမ်းလိုက်လေ၏။ မောင်လှဖေက လွှတ်လိုက်မှ သူ့အနီးမှာပင် ကပ်၍ထိုင်ရင်း "အစ်ကိုကြီးက မမြနှစ်ကို ချစ်တယ်ဆိုတာတော့ ယုံပါတယ်။ ဒါပေမဲ့ မမြနှစ်ကိုတော့ ကိုကြီးယူမှာ မဟုတ်ပါဘူး။ ယူယူ မယူယူ ကိုကြီး မမြနှစ်ကို ချစ်နေတယ်ဆိုရင် ကျေနပ်တာပါပဲ"

မမြနှစ်သည် စီးကျနေသော မျက်ရည်များကို အင်္ကျီစနှင့် သုတ်ရင်း တစ်လုံးချင်း ပြောနေလေသည်။

"မမြနှစ် ဒီနေ့ပြောတဲ့ စကားတွေဟာ အဆန်းချည့်ပဲ။ ဘာဆိုလိုတယ်ဆိုတာ အစ်ကိုကြီး နားမလည်ဘူး။ မမြနှစ်ကို အစ်ကိုကြီး ချစ်နေပြီဟာ တောင်းရမ်းယူဖို့ပဲ ရှိတော့တာပေါ့"

မောင်လှဖေသည် ချစ်သူ၏လက်ကို ဖျစ်ညှစ်၍ ပြောလိုက်လေ၏။

"မဟုတ်ဘူး အစ်ကိုကြီး ဟိုတုန်းကတော့ ကိုကြီးနဲ့ ကျွန်မ ဘယ်နည်းနဲ့မှ မလွဲနိုင်ဘူးလို့ အောက်မေ့ထားတာပဲ။ အခုတော့ ဒီလိုမဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲကွယ် ပြောစမ်းပါဦး"

"အစ်ကိုကြီးက လယ်ပိုင်ရှင်သား၊ ကျွန်မက လယ်သမား ပစ္စည်းမဲ့လူတန်းစားသမီး၊ ဒီတော့ လူတန်းစားချင်း အကွာကြီး ကွာနေတယ်"

"ဟား...ဟား...ဟား ပစ္စည်းမဲ့လူတန်းစားတွေ ဘာတွေနဲ့ သိပ်စကားတတ်နေပါလား။ မြေပိုင်ရှင်သားဟာ လယ်သမားသမီးကို မယူရဘူးလို့ မမြနှစ်တို့ကို ဘယ်နိုင်ငံရေးတရားဟောဆရာကများ လာဟောထားသလဲ" မောင်လှဖေသည် ရယ်သွမ်းသွေး၍ မေးလိုက်လေသည်။

"ဘယ်နိုင်ငံရေးသမားကမှ ဒီလိုတရားတွေကိုတော့ လာမဟောပါဘူး။ သို့ပေမဲ့ ဟိုတုန်းက အစ်ကိုကြီးအမေမိဘနဲ့ မမြနှစ် အမေမိဘဟာ တစ်ယောက်နဲ့တစ်ယောက် ဆွေမျိုးသားချင်းတွေလိုပဲ ချစ်ခင်ကြတယ်။ တစ်ယောက်အကြောင်းရှိရင်လည်း တစ်ယောက်ကူညီတယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ အစ်ကိုကြီးမိဘများကလည်း ဖေဖေတို့၊ မေမေတို့ကို လောဘကောင်တွေ၊ သူများပစ္စည်းကို အလကားလိုချင်တယ်လို့ စွပ်စွဲနေတယ်။ ဖေဖေ၊ မေမေတို့ကလည်း အစ်ကိုကြီးမိဘတွေကို သိပ်လောဘကြီးတယ်၊ တို့တစ်မိုးတွင်းလုံး ရွှံ့ထဲဆင်းပြီး နွားနဲ့ဖက် အလုပ်လုပ်ရလို့ ရတဲ့စပါးတွေကို သူတို့က အချောင်လိုချင်တယ်လို့ ပြောနေကြပြီ။ ဒီတော့ ဒီနှစ်အိမ်ထောင်ဟာ ဘယ်တော့ တည့်ကြတော့မလဲ။ တကယ့်ရန်သူကြီးတွေ ဖြစ်နေတော့တာပေါ့၊ ကိုကြီးနဲ့ ကျွန်မလည်း ဒီလိုဆိုတော့ နီးဖို့ခမ်း

www.burmeseclassic.com



ယဉ်းဘူးလား"

မောင်လှဖေသည် စောစောကလို မရယ်နိုင်တော့ချေ။ သူသည် အိမ်အပြင်သို့ ငေး၍ကြည့်နေလေသည်။ တစ်ဖက်အိမ်မှ ကလေးငိုသံနှင့်အတူ မိခင်၏ချော့မြူသံကို ကြားရလေသည်။ မမြချစ်သည် မြေလက်ဖက်ရည်အိုးကြီးကို တစ်ဖက်ကကိုင်၍ အခြားလက်တစ်ဖက်မှ ပန်းကန်နှစ်လုံးကို ထပ်၍ ကိုင်လာလေသည်။ မမြနှစ်သည် အနီးရှိ တိုင်မှာချိတ်ထားသော ကြိမ်ကရွတ်ကို ချပေးမှ လက်ဖက်ရည်အိုးကို တင်ထားလိုက်ကာ ပန်းကန်နှစ်လုံးကိုလည်း အနီးတွင် ချထားခဲ့ပြီးနောက် အထဲသို့ ပြန်ဝင်သွားပြန်လေသည်။

"ညီမလေး ထန်းလျက် ယူခဲ့ပါဦးကွဲ့" မမြနှစ်က လှမ်း၍ပြောလိုက်ရာ–

"ဟုတ်ကဲ့ ယူနေတယ်မမ" ဟု ပြန်ပြော၍ မရှေးမနှောင်းပင် သူငယ်မသည် ထန်းလျက်ပန်းကန်ပြားနှင့် အနီးသို့ရောက်လာလေ၏။ သူသည် ပန်းကန်ပြားကို ဖျာပေါ်တွင်ချကာ လက်ဖက်ရည်ပန်းကန်လုံးထဲတွင်ထည့်ရင်း "သောက်ပါဦး အစ်ကိုကြီး" ဟု ပြောလေသည်။

မောင်လှဖေသည် မည်သို့မျှလည်းပြန်မပြော၊ အိမ်ပြင်ဘက်ကိုသာ စိုက်စိုက်ကြီး ငေးကြည့်နေလေသည်။

တစ်ဖက်ရွာဖျားဆီမှ ခွေးဟောင်သံကို ဆူဆူညံညံ ကြားရလေသည်။

"ခွေးဟောင်သံတော့ ကြားတယ်။ ဖေဖေတို့များ ပြန်လာပြီလား မသိဘူး" မမြနှစ်က ပြောလိုက်မှ မောင်လှဖေသည် သူ့ကိုလှည့်ကြည့်ရင်း "ဒီနှစ်ကော မမြနှစ်တို့ လယ်လုပ်ဖို့ စီစဉ်ပြီးပြီလား" ဟု မေးလိုက်လေသည်။

"မပြောတတ်သေးဘူး၊ အစ်ကိုကြီးအဖေကလည်း ဒီလယ်ကို ပြန်မချဘူးလို့ ပြောနေတယ်။ ဖေဖေကလည်း ချချ မချချ ပြန်လုပ်ရမှာပဲလို့ ပြောနေတယ်။ ဘယ့်နှယ်ဖြစ်ကြမယ်တော့ မသိသေးဘူး။ ကျွန်မတော့ ဒါလောက်စကားများနေရတဲ့လယ်ကိုတော့ မလုပ်ချင်တော့ဘူး။ ဒါပေမဲ့ ကျွန်မတို့မယ် လယ်မလုပ်လို့လည်း ဘာလုပ်စားရမယ် မသိဘူး။ တခြားလည်း ကူးပြောင်းပြီးလုပ်စရာမရှိဘူး၊ ခက်တာပဲ အစ်ကိုကြီးရယ်။ သိပ်စိတ်ညစ်တာပဲ"

ထိုအချိန်တွင် နှစ်အိမ်ကျော် သုံးအိမ်လောက်မှ ခွေးဟောင်သံကို ကြားရပြီးနောက် မမြနှစ်တို့အဖေ ကိုဘနှင့် သူ့အမေ မရွှေပုံတို့ ကလေးငယ်ကလေးကို ဆွဲကာ အိမ်ပေါ်သို့ တက်လာကြလေသည်။

"ဟော့ မောင်လှဖေ မင်းရောက်နေမှကိုး။ မင်း ငါ တွေ့ချင်နေတာကြာလှပြီ" ကိုဘသည် လှေကားမှ တက်လာကတည်းက အော်ကျယ်အော်ကျယ်နှင့် နှုတ်ဆက်လာလေသည်။

ဒေါ်ရွှေပုံသည် "ဟဲ–ဟဲ–ဟဲ–ဟဲ"နှင့် မောင်လှဖေကို ကြည့်ရင်း အနီးတွင်ရပ်၍ နှုတ်ဆက်လေသည်။ ကိုဘသည် လက်တွင်ပါလာသော ဝါးရင်းတုတ်ကြီးကို ကြမ်းပေါ်တွင်ချကာ မောင်လှဖေ၏အနီးတွင် လာထိုင်လေသည်။

"ကျွန်တော် ရောက်နေတာ တော်တော်ကြာသွားပြီ။ ဦးလေးတို့နဲ့ တွေ့ရအောင် စောင့်နေတာ" မောင်လှဖေသည် တက္ကသိုလ်ကပြန်လာသူတစ်ဦး ဖြစ်သည့်အလျောက် ဆည်းပူးခဲ့သော ပညာတွေကို အသုံးပြုကာ ဖြီးလိုက်လေသည်။

ဒေါ်ရွှေပုံသည် တဟဲ–ဟဲ–ဟဲ ရယ်ရင်းပင် "ကလေး သွားသိပ်လိုက်ဦးမယ်" ဟုဆိုကာ အတွင်းခန်းသို့ ဝင်သွားလေ၏။

"မင်းကို ငါ တွေ့ချင်နေတာ တခြားမဟုတ်ဘူး။ မင့်အဖေနဲ့ မင့်အမေအကြောင်း တိုင်ချင်လို့ပဲ။ မင်းလည်း သိတဲ့အတိုင်းပဲ။ အခုငါလုပ်နေတဲ့ လယ်ဧက နှစ်ဆယ်ဟာ နှစ်ဆယ်ဆိုပေမဲ့ကွာ နှယ်ဆယ်မပြည့်ပါဘူး။ ဆယ့်ရှစ်ဧက ကျော်ကျော်ရှိတာပါ။ အေးလေ နှစ်ဆယ်ပဲ ထားပါတော့။ အဲဒီလယ်ဟာ ငါ့မိဘလက်ထက်က သူတို့လယ်ပိုင်တွေပဲ။ အဲဒါ လယ်ပေါင်၊ မြေပေါင်တွေ လုပ်တာနဲ့ အတိုးတွေစီးပြီး မင့်မိဘတွေလက်ထဲကို အိမ်ထောင်ကျတဲ့နှစ်မှာပဲ ရောက်သွားတယ်။ မင်းသိအောင်လို့သာ ငါ ဒီဟာတွေ ပြန်ပြောနေတာဟော့။ ငါတော့ သိပ်မပြောချင်လှဘူး၊ စိတ်မကောင်းလွန်းလို့။ ဒီလိုဖြစ်ရတာလဲ ငါ့မိဘတွေရဲ့ ချွတ်ယွင်းချက်တွေ ပါမှပေါ့ကွာ။ အဲဒီလယ် မင့်အဖေတို့လက်ထဲရောက်တော့ ငါ့အဖေက အိမ်ထောင်ခွဲမယ့်ငါ့ကိုပဲ ပြန်ချဖို့ တောင်းတောင်းပန်ပန် ပြောတာနဲ့ လယ်ခနှစ်ရာနဲ့ ပြန်ချခဲ့တယ်။ ငါလည်း အဲဒီတုန်းကတည်းက ကြိုးကြိုးစားစားလုပ်လာခဲ့တာ လယ်ခလည်း မှန်မှန်ပေးခဲ့ပါတယ်ကွာ။ အခု ဒီလယ်ကို ငါလုပ်လာတာ မြန်နှစ်တစ်သက်ရှိပြီ၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိသားအဖတွေ ဘာအကျိုးကျေးဇူး ခံစားရသ တုန်း။ မင်းလည်း မြင်သားပဲ”

ကိုဘသည် မမောနိုင် မပန်းနိုင် လေလျှောက်ကြီး ပြောနေပြီးလျှင် တံတွေးကို မျိုလိုက်ပြီးနောက် ပန်းကန်ထဲမှ အေးနေပြီဖြစ်သော လက်ဖက်ရည်ကြမ်းကို တစ်ကျိုက်တည်း ကျိုက်ချလိုက်လေ၏။

“ငါလည်း တော်တော်ကို အနစ်နာခံပြီး လုပ်ပေးပါတယ်ကွာ။ ကောက်ငယ်မလိုချင်ဘူးဆိုရင် ကောက်ကြီးကို ရအောင်ရှာပေးတယ်။ ထင်းတိုက်ပေးဦးဆိုရင်လည်း မငြိုမငြင် လိုက်တိုက်ပေးတယ်။ မင်းတို့အိမ်က ဝေယျာဝစ္စကိစ္စတွေဆိုရင်လည်း ငါပဲ လုပ်ပေးနေတာပါပဲ။ မနှစ်တုန်းက များ သူများလို ငါ့လယ်သမားတွေ အစိုးရဆုံးဖြတ်တဲ့ နှုန်းအတိုင်း တစ်ဧကကို ခြောက်တင်းထက် ပိုမပေးကြပါဘူး။ ငါသာ ဟယ်... ကျေးဇူးရှင်ပဲဆိုပြီး ရှစ်တင်းသွားနဲ့ အိမ်အရောက် တိုက်ပို့လိုက်တယ်။ ဒီနှစ်ကျတော့ လယ်တွေကလည်း ရေမြုပ်လို့ ပြန်စိုက်ရတာနဲ့ စရိတ်စကကလည်း ကြီးလွန်းလို့ တစ်ရာယူပါဆိုတာ မကျေနပ်ဘူး။ အစိုးရဖြတ်တဲ့အတိုင်း အခွန်တော်နှစ်ဆဆိုရင် စပါးအစိတ်လောက်ရောင်းလိုက်ရင် ရတာပေါ့။ ဒါတောင် ငါက တိတ်တိတ်ပုန်း ပေးရတာမောင်ရေ့။ တို့အဖော် လယ်သမားတွေက ဒီခွေးမသား သိပ်စေတနာတွေ ပိုနေတယ်လို့ ဆိုခံရသေး...”

မောင်လှဖေသည် ငြိမ်၍နားထောင်နေလေသည်။ မမြစ်နှစ်သည် သူ့ကိုသာ စိုက်ကြည့်နေလေသည်။ မောင်လှဖေက သူ့အဖေစကားများကို နားထောင်နေရင်း တစ်ချက်တစ်ချက် သူ့ကိုကြည့်လိုက်တိုင်း အကြည့်ချင်းဆုံသွားသောအခါများတွင် ပြုံးမယောင်ယောင်နှင့် ခေါင်းငုံ့သွားလေသည်။ ဒေါ်ရွှေပုံသည် တအဲအဲနှင့် ငိုနေသော ကလေးကို ချော့နေလေသည်။ ဘိုးထူးသည် “အင်း”ခနဲ တစ်ချက်အော်ကာ မှောက်နေရာမှ ပက်လက်လှန်လိုက်လေသည်။ မမြနှစ်သည် နေရာမှထသွားကာ သူ့မောင်လေးကို ပွေ့၍ အခန်းထဲသို့ ဝင်သွားလေ၏။

မောင်လှဖေသည် ငြိမ်နေရာမှ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

“ဦးလေးဘ ဒီကိစ္စတွေ ကျွန်တော့်တာဝန်ထားပါ။ ကျွန်တော် ကြည့်လုပ်ပါ့မယ်” သူသည် ခပ်အေးအေးပင် ပြောလိုက်လေသည်။

“ကြည့်လုပ်တာတော့ ဟုတ်ပါရဲ့ မောင်လှဖေရဲ့။ နက်ဖြန်ကာ ဘုတ်လူကြီးတွေက လယ်ချတော့မယ်။ မင်းအဖေက ငါဟာသူတို့ကို လယ်ခမပေးလို့ ပြန်မချပါနဲ့လို့ ကန့်ကွက်ထားသတဲ့။ အဲဒီလယ်ကိုလည်း သူတို့ပြန်လုပ်ဖို့ လျှောက်ထားတယ်ကြားတယ်”

ကိုဘက အပူတပြင်း ပြောနေလေသည်။

“ကျွန်တော့် ကြည့်လုပ်ပါ့မယ် ဦးလေးရယ်”

ကိုဘ ပူနေသလောက် မောင်လှဖေက အေးအေးပင် ပြန်ပြောနေလေ၏။ ကိုဘသည် အားမရသလို မောင်လှဖေကို စိုက်ကြည့်နေလေ၏။

“ကဲ... ဦးလေးဘ ပြန်လိုက်ဦးမယ်။ ပူမနေပါနဲ့။ စိတ်အေးအေးထားပါ”

မောင်လှဖေသည် ပြောပြောဆိုဆို နေရာမှထလေသည်။ မမြနှစ်သည် အခန်းတွင်းမှ ထွက်လာကာ ပြုံး၍ နှုတ်ဆက်နေလေသည်။

“အေးကွယ် ကြည့်လုပ်ပါဦး။ မနက်ဖြန် သူကြီးအိမ် မင်းလာမယ် မဟုတ်လား။ ဘုတ်လူကြီးတွေလည်း စုံလိမ့်မယ်” ကိုဘသည် နေရာမှထ၍ ပြောနေလေ၏။

“ဟုတ်ကဲ့ လာခဲ့ပါ့မယ်”

မောင်လှဖေသည် လှေကားမှဆင်းစပြုနေပြီဖြစ်၍ “လုံမကလေး မောင်လှဖေကို အိမ်အောက်လိုက်ပို့လိုက်ပါဦး” ဟု ကိုဘက သူ့သမီးဘက်သို့လှည့်၍ ပြောလိုက်သောကြောင့် မမြနှစ်သည် ရေနံဆီမီးခွက်ကြီးကိုကိုင်၍ မီးပြရင်း ဆင်းလိုက်သွားလေသည်။

* * *

လယ်မြေများကို လူထုလက်သို့ စ၍အပ်သောနှစ်ဖြစ်လေသည်။

ကျေးရွာများတွင် လယ်မြေချထားရေးကော်မတီများ ဖွဲ့စည်းပြီးပြီဖြစ်၍ အဖွဲ့ဝင်လူကြီးများ (ဝါ) ဘုတ်လူကြီးများသည် အထူးအလုပ်များလျက် ရှိကြလေသည်။ အချို့သော လူကြီးမင်းများမှာ အစိုးရ၏ စည်းမျဉ်းကို နားလည်အောင် လေ့လာ၍ ကျရောက်သောတာဝန်ကို ဖြောင့်မတ်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန် ရည်သန်ရင်းရှိကြသော်လည်း အချို့သောလူကြီးမင်းများမှာကား တစ်ပဲသားလောက်ရရှိသော အခွင့်အရေးကို တစ်ကျပ်သားလောက်

www.burmeseclassic.com



အပိုအမို အဆစ်အဆွက်တွေနှင့် သုံးလိုသော အာသာဆန္ဒ ပြင်းပြလျက် ရှိကြလေ၏။

"ဒီမြေရှင်တွေကို အခုမှ နိုင်ရသကွဲ့"

"လယ်ခလာယူလို့ ဆင့်ခေါ်လိုက်ပါလား"

"ဒီကောင်တွေမျက်နှာ တို့မကြည့်ချင်ဘူး"

"အစိုးရက ဘာစည်းမျဉ်းဆွဲဆွဲ၊ တို့ထင်ရာ ကြံမှာပဲ"

ထိုထိုဤဤ အလီလီသော ကြွေးကြော်သံကလေးများ ဟိုထောင့်ဒီထောင့်မှ ထွက်ပေါ်လာတတ်လေသည်။

သို့သော် သပြေပင်ရွာမှ ခုံအဖွဲ့သည် တရားသော ခုံအဖွဲ့။ ကျရောက်သည့်တာဝန်ကို အဖွဲ့ဝင်လူကြီးများသည် တည်ကြည်ဖြောင့်မှန်စွာ ဆောင်ရွက်ကြပါပေသည်ဟု သတင်းမွှေးနေလေသည်။

မောင်လှဖေသည် နံနက်စောစောကတည်းက သူကြီးအိမ်သို့ ထွက်လာခဲ့ရာ မွန်းလွဲလောက်မှ ကိစ္စပြီး၍ အိမ်သို့ ပြန်လာခဲ့လေသည်။ ခြံဝ ဝင်ကတည်းက သူ့မိဘနှစ်ပါး သူ့ကို မျှော်တော်အောနှင့် မောနေကြသည်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လဲဟေ့ ငါ့သား ပြီးခဲ့ပလား"

အနီးသို့ရောက်သောအခါ ဦးရာကျော်က လှမ်း၍ မေးလိုက်လေသည်။

"ပြီးခဲ့ပြီ ဖေဖေ"

ထိုစကားကြောင့် မိဘနှစ်ပါးသည် တစ်ယောက်မျက်နှာတစ်ယောက် ပြုံးပြုံးကြီး ကြည့်လိုက်ကြလေသည်။ "ဒါမှ ကျုပ်သားဗျ" ဟု ဦးရာကျော် စိတ်ထဲကဆိုနေသလို "ဒါမှ ကျုပ်သားတော့" ဟု ဒေါ်မယ်ဟန်၏ ဝမ်းထဲက ဆိုနေလေသည်။

"ဒါနဲ့ နေပါဦးကွဲ့။ ခွေးမသားလူကပ် ဘောဘ ဘယ်လယ်များ ရသေးသတုန်း"

အဘိုးကြီးက မေးလိုက်ပြန်လေသည်။

"သူလုပ်နေကျလယ်ပေါ့ ဖေဖေရဲ့"

"ဟေ..." အဘိုးကြီး၏အသံ ထွက်လာလေ၏။

"ဟယ်..."အမယ်ကြီး၏အသံ ထွက်ပေါ်လာလေ၏။

"လူကြီးတွေကလည်း သူ့ကိုပဲ ပြန်ချချင်ကြတယ်၊ ကျွန်တော်ကလည်း ကန့်ကွက်စရာမရှိပါဘူးလို့ ပြောလိုက်တယ် ဖေဖေရဲ့။ အမှန်တော့ ဒီလယ်က သူလုပ်လာတာကြာပြီ။ လယ်ခလည်း အကြွေးအလည်ပေးသွားပဲဟာ။ သူပဲလုပ်ထိုက်တာပဲ"

သူ့မိဘနှစ်ဦး၏ မျက်လုံးနှစ်စုံသည် ကျွတ်ထွက်မတတ် ပြူးနေလေ၏။

"ဟေ– ငါ့သားရဲ့ မင်းကိုလွှတ်လိုက်တာက ဒီလယ်ကို တို့ပြန်လုပ်ရအောင်ပြောဖို့ဆိုဖို့ လွှတ်လိုက်တာကွ။ တခြားလယ် တို့မလုပ်ချင်ဘူး"

အမယ်ကြီးက သွက်သွက်ကြီး ပြောလိုက်လေ၏။

"သိပါတယ်မေမေ။ ဒါပေမဲ့ ဒီလယ်က တကယ်ဆိုတော့ သူပဲ လုပ်ထိုက်နေတော့ ကျွန်တော်လည်း မတရားတာ မပြောချင်ဘူး။ တခြားလယ်တွေ လုပ်တာပေါ့ မေမေရယ်"

မောင်လှဖေက အေးအေးပင် ပြောလိုက်လေ၏။

"ဟင်း...တခြားလယ်လုပ်တာပေါ့တဲ့။ ဘယ်မလဲ တခြားလယ်" အဘိုးကြီးက ခပ်ဆတ်ဆတ်ကလေး သားကို မေးလိုက်လေ၏။

"မြောက်ဘက်ကွင်းထဲမယ် ဧကလေးဆယ်ရှိသေးတာပဲ ဖေဖေရဲ့"

"မင်းက အဲဒီလယ်ကို ပြောနေတာလား"

"ဟုတ်တယ်ဖေဖေ။ အဲဒီလယ်ကို လုပ်မယ်လို့ ဝန်ခံခဲ့ပြီ"

"ဟေ– အဲဒါ ကိုင်းတောကြီးဗျ။ ဆင်နေကျားအောင်း ကိုင်းတောကြီး။ လယ်မလုပ်တာ ဂျပန်တက်ကတည်းကပဲ"

"သိပါတယ် ဖေဖေ"

"ဟင်– သိရက်သားနဲ့များကွယ် မင်းမို့လို့ လယ်ချောကိုတော့ သူများပေးပြီး ဒီလယ်ကြမ်းကြီး ကိုယ့်ဖို့ယူခဲ့တယ်။ အေး– ဒီလိုဆိုရင် ရှေ့နှစ် ဘယ့်နှယ် မင့်ကို လောကိတ်ပို့နိုင်ပါ့မလဲ"

"ကျွန်တော်လည်း ပြန်မသွားတော့ပါဘူး"

သူ့သားပါးစပ်က သည်စကားမျိုး ထွက်လာလိမ့်မယ်လို့မထင်။ မထင်သည့်စကားကို ရက်တရက် ကြားလိုက်ရရာ မှင်တက်မိ၍ ကြက်သေသေနေကြလေ၏။

"ဖေဖေတို့က ကျွန်တော့်ဟာ ကောလိပ်မယ် တစ်နှစ်တစ်ရာလောက်သုံးပြီး အစားကောင်းတွေစား၊ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတွေဝတ်၊ ရုပ်ရှင်တွေကြည့်ပြီး နေနေရလို့ သိပ်ပျော်နေပြီး တောကိုမပြန်ချင်တော့ဘူးလို့များ ထင်နေသလား။ ကျောင်းရောက်သွားစတော့ ဒီစိတ်မျိုးရှိသေးတယ်။ ဒါပေမဲ့ အခု ဒီစိတ်တွေ မရှိတော့ဘူး"

မောင်လှဖေသည် စကားကို ဖြတ်ထားလိုက်လေသည်။ အမိနှင့်အဖသည် စကားမပြောဘဲ သူတို့သားကိုသာ ထူးထူးဆန်းဆန်း စိုက်ကြည့်နေကြလေသည်။

"ကျွန်တော်ဟာ ဝတ်ကောင်းစားကောင်းတွေကို ဝတ်စားနေရတဲ့အခါမယ် ကျောမွဲကြီးတွေနဲ့ နေပူမိုးရွာမရှောင် နွားနဲ့ဖက်ရုန်းနေတဲ့ လယ်သမားတွေ၊ လယ်သူမတွေကို မြင်ယောင်နေတယ်။ စားကောင်းသောက်ဖွယ်တွေ စားနေတဲ့အခါမယ် ဆန်ကြမ်းထမင်း၊ ငါးပိရေကျဲကျဲနဲ့ ဟင်းရွက်ပြုတ်တွေကို ကဇင်းပေါ်မယ် ထိုင်လွေးနေရရှာတဲ့ သူတို့တတွေကို မြင်ယောင်နေတယ်။ တစ်ခါတလေ ပွဲလမ်းသဘင်တို့၊ ရုပ်ရှင်ကားတို့ သွားကြည့်မိပြန်ရင်လည်း ငါသာ ကံကောင်းထောက်မလို့ ဒီမယ် ဒီလိုပျော်မှုပါးမှုတွေကို တွေ့ကြုံခံစားနိုင်တာ သူ့ခမျာများမှာတော့ ရွာထဲက အိုးစည်ဝိုင်းကလွဲပြီး ဂီတသံကို မကြားဖူးကြပါကလားလို့ သနားမိတယ်။ ပြီးတော့ အင်္ကျီပါးပါး၊ ပါးအို့နီနီ ပါးရဲရဲ ခေတ်ဆန်တဲ့ ကောလိပ်ကျောင်းသူတွေကို မြင်တိုင်းလည်း ခမောက်ဆောင်းပြီး နွံ့တွေရေတွေထဲမယ် ကောက်စိုက်နေတဲ့ ကျွန်တော်တို့ ရွာသူကလေးတွေကို သတိရမိတယ်၊ မြင်ယောင်မိတယ်"

မောင်လှဖေသည် သူ့အတွင်းသဏ္ဌာန်တွင် ဖြစ်ပေါ်ခဲ့ပုံများကို သူ့မိဘနှစ်ပါးအား ပြောပြနေလေသည်။

"အဲဒါ ဘာဖြစ်တုန်းကွ"

ဖခင်ဖြစ်သူက ငေါက်၍မေးလိုက်ပြန်လေ၏။

"ဘာဖြစ်ရမလဲ ဖေဖေ၊ ဒါတွေဟာ ကျွန်တော့်ကို နှောင်တရစေတာပေါ့ဖေဖေ။ အမှန်တော့ တရားရတယ်လို့လည်း ခေါ်နိုင်တာပေါ့"

"အမယ် မင်းက တရားတွေ၊ ဘာတွေ ရပြီး တောများထွက်ဦးမလို့လား"

မိခင်ဖြစ်သူက ဝင်၍စွက်လိုက်ပြန်လေ၏။

"အဲ... အခု ကျွန်တော် ဒီပြန်လာတာလည်း တောထွက်တာမျိုးပဲမေမေ။ မြတ်စွာဘုရားသခင် တရားရပြီး တောထွက်တာက လောကုတ္တရာ နိဗ္ဗာန်ကို သတ္တဝါများကို ခေါ်ဆောင်ဖို့၊ ကျွန်တော်ကတော့ လယ်သမားတွေကို လောကနိဗ္ဗာန်ကို ခေါ်သွားမလို့"

"ကြီးကျယ်လိုက်တာကွယ်"

အဘိုးကြီးက ရှုံ့ရှုံ့မဲ့မဲ့ကြီး ပြောလေ၏။

"ကျွန်တော်ဟာ ကျောင်းမှာနေတုန်း ဒီလယ်သမားလောကကြီးနဲ့ ပတ်သက်တဲ့ စာအုပ်စာတန်းတွေ တော်တော်လေ့လာခဲ့တယ်။ ပြီးတော့ သူတို့တတွေ ပင်ပင်ပန်းပန်း လုပ်ကိုင်ရရှာတဲ့ ပစ္စည်းတွေနဲ့ ကျွန်တော်က ဟိုကျောင်းမယ် အခန့်စားကြီး နေနေရတာလည်း တယ် စိတ်မသန့်ဘူး။ ဒီလောက်ပညာတတ်ပြီး ဒီလို အမြော်အမြင်တွေ မြင်လာရတာလည်း သူတို့ဆီကရတဲ့ငွေနဲ့ အထောက်အပံ့ပြုပြီး တိုးတက်လာရတယ်ဆိုတာကိုလည်း ကျွန်တော် အမြဲသတိထားမိတယ်။ သူတို့ကို ကျွန်တော် သိပ်ကျေးဇူးတင်တယ်"

"ဟကောင် မင့်ဆီငွေပို့နေတာ ငါကပို့တာကွ၊ မင့်အဘ လယ်သမားတွေက ပို့တာမဟုတ်ဘူး"

အဘိုးကြီးသည် ဒေါပွလာလေ၏။

"ဖေဖေက ပို့တာပါပဲ။ ဒါပေမဲ့ ဒီလိုပို့နိုင်အောင် ဖေဖေတို့ကို ဘယ်သူက လုပ်ပေးသလဲ။ လယ်သမားတွေက လုပ်ပေးတယ်မဟုတ်လား။ ဖေဖေ့မယ် လယ်ဧကေ နှစ်ရာရှိတယ်။ အဲဒီလယ်ကိုလုပ်တဲ့လူတွေဟာ ဖေဖေတို့၊ ကျွန်တော်တို့ ကျေးဇူးရှင်တွေပေါ့"

"ဟေ– မင်းက ပြောင်းပြန်ပြောနေပြန်ပြီ။ တို့က သူတို့ကျေးဇူးရှင်ကွ။ တို့က လယ်ချလို့ သူတို့ထမင်းဝတာ"

"ဒါက ဟိုနှစ်ပေါင်းတစ်ရာလောက်က ပြောရမယ့်စကားဖေဖေ။ ခုခေတ်မယ် ဒီစကားမျိုး မပြောပါနဲ့။ ကျွန်တော်ဖြင့် သူတို့ကို တကယ်ကျေးဇူးတင်တယ်။ ဒါကြောင့်မို့လည်း ကျေးဇူးဆပ်မလို့ လာခဲ့တာပဲ"

"အင်း... ပြောပါဦး ဘယ်လိုဆပ်မလို့တုန်း"

"သူတို့ကို ကျေးဇူးဆပ်ဖို့ နည်းလမ်းတွေ အများကြီးရှိတယ်ဖေဖေ။ သူတို့သားသမီးတွေကို ပညာသင်ပေးဖို့ကိစ္စတွေ၊ သူတို့အသိဉာဏ်ပွင့်အောင် တောရွာတွေမယ် စာကြည့်တိုက်တွေ ထောင်ပေးဖို့ကိစ္စတွေ၊ သူတို့ကျန်းမာရေးတွေ မြှင့်တင်ပေးဖို့ ကိစ္စတွေ၊ ဒါတွေ ပြောနေရင် ဘယ်ကုန်နိုင်မလဲ ဖေဖေရာ။ အများကြီးပေါ့။ ပြီးတော့ လောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးအရေးကြီးတာက သူတို့နိုင်ငံရေး အမြင်ကျယ်မှုရရှိအောင် ဆောင်ရွက်ပေးရမယ်။ အခု ကျွန်တော် တွေ့ရသလောက်တော့ လယ်သမား အသင်းအဖွဲ့တွေရယ်လို့ ဖွဲ့စည်းပြီး ထိရောက်အောင် အချက်ကျကျ ဘာမှဆောင်ရွက်ကြတာမရှိဘူး။ လယ်သမား အသင်းအဖွဲ့တွေဟာ သူများ လယ်လုပ်ရဖို့နဲ့ မိုးဦးကျမယ် အမတော်ကြေးရဖို့ စပါးရိတ်ချိန် ပြန်မဆပ်ဖို့လောက်နဲ့ပဲ စခန်းသွားနေကြတာပဲ။ မြေဩဇာ ဘယ်လိုကျွေးရမယ်၊ တစ်ဧကေ လေးဆယ်ထွက်တဲ့ လယ်ဟာ ငါးဆယ်ခြောက်ဆယ်ထွက်အောင် ဘယ်လိုလုပ်ကြမယ်၊ ထွက်ယက်တဲ့နေရာမယ် လက်မဝင်အောင် ဘယ်လိုစက်ကိုသုံးမယ်၊ ရိတ်သိမ်းတဲ့နေရာမယ် ဘယ်လိုလုပ်ရမယ်လို့ ဒီနယ်က ခေါင်းဆောင်တွေ စိတ်ကူးကြသေးဟန် မတူဘူး။ ကုန်ကုန်ပြောမယ် ဖေဖေရယ် နောက်ချေးကို ဘယ်လိုထားရင် မြေဩဇာပိုကောင်းတယ်ဆိုတာတောင် လယ်သမားတွေ မသိကြသေးဘူး။ ဒီနှစ်လည်း သူတို့ ပွသင့်သလောက် ပွကြပါရဲ့။ ဘယ်ရောက်ကုန်သလဲ။ သူတို့အိပ်ထဲမယ် တင်တာက နည်းနည်းပါ၊ ဖေဖေ ပြောသလိုပဲ ကြေးလင်ပန်း နှစ်ချပ်ကုန်တဲ့ ပန်းထိမ်ဖိုတို့နဲ့ ရေတွင်းတစ်တွင်းချောတဲ့ ဘုံဆိုင်တို့ဆီကိုသာ ရွှေမိုးငွေမိုးတွေ စီးဝင်ကုန်တာပါပဲ။ ဘယ်လောက် သနားစရာကောင်းသလဲဖေဖေ။ ဒီတော့ ဒီလူတွေကို ပစ်ထားခဲ့ပြီး ကျွန်တော်တော့ ဘယ်နည်းနဲ့မှ စည်းစိမ်ခံရမယ့် အလုပ်ကို မလုပ်နိုင်ဘူး။ သူတို့နဲ့အတူတူပဲ ရွှံ့ထဲရေထဲဆင်းပြီး သူတို့ကို နားမလည်တာတွေကို သင်ကြားပြသပြီး ဒီရွာမှာပဲ နေတော့မယ် ဖေဖေ"

အဘိုးကြီးသည် သူ့သားပြောသွားသည်ကို နားမဝင်၊ လယ်ကို လက်ငုတ်လုပ်သူများအား ပြန်ပေးခဲ့ရမလားဟူ၍သာ ဒေါသဖြစ်နေလေ၏။ ထိုအချိန်တွင် ကိုဘ ဝင်လာလေ၏။

"ဟိုကောင် ဘာလာလုပ်ပြန်တာလဲ"

အဘိုးကြီးက မေးလေသည်။

"လယ်ခလာပေးတာ ဖေဖေ။ ကျွန်တော် မှာခဲ့လို့"

မောင်လှဖေက ဝင်၍ပြောလေသည်။ ကိုဘသည် အနားသို့ရောက်လာကာ ကြမ်းပေါ်တွင် ထိုင်နေလေ၏။

"ကဲ... ဖေဖေ ဘယ်လောက်ကျမလဲ ပြောလိုက်ပါ သူပေးပါလိမ့်မယ်"

မောင်လှဖေက မေးလိုက်ရာ အဘိုးကြီးသည် မျက်မှောင်ကြီးကုတ်နေပြီးမှ ပါးစပ်ထဲက ကွမ်းဖတ်တွေကို ထွေးခံထဲသို့ ထွေးချနေလေသည်။

"ဟေ့... မောင်ဘ မင့်လယ်ခလည်း မလိုချင်ဘူး၊ မင့်လည်း လယ်မချဘူး" အမယ်ကြီးက ဝင်ပြောလိုက်လေ၏။

"ဖေဖေ လယ်ခမလိုချင်ရင် မရရုံရှိမှာပဲ။ လယ်တော့ ဖေဖေတို့ ပြန်ရမှာ မဟုတ်ဘူး။ သူ့ကို ချပြီးပြီ။ ဖေဖေရယ် ဒီလောက်လည်း ကပ်မနေကြပါနဲ့။ ဦးလေးဘ ကျေးဇူးလည်း ဖေဖေတို့အပေါ် အပုံကြီးရှိပါတယ်။ ဖေဖေ သေသေချာချာ စဉ်းစားနော်။ အခုခေတ်ဟာ ဖေဖေတို့ ခေတ် မဟုတ်တော့ဘူး"

မောင်လှဖေ စကားမဆုံးမီ အဘိုးကြီးသည် ရှူးရှူးရှဲရှဲ ဖြစ်လာလေ၏။

"ဟေ့...ကောင် မင်းကပါ ဟိုကောင်ဘက်က လိုက်နေပလား။ မင်းပါ ငါ့အိမ်ပေါ်က ဆင်းသွား"

အဘိုးကြီးသည် ကုလားထိုင်ပေါ်မှထကာ ပုဆိုးကို ပြင်ဝတ်ပြီးမှ ပြန်ထိုင်ပြန်လေသည်။

"ဖေဖေရယ် ဒီလောက်လည်း ဒေါသမကြီးပါနဲ့။ ဖေဖေတို့အတွက် ဟိုတောကြမ်း ဧကလေးဆယ်ကို ကျွန်တော် လုပ်ပေးပါ့မယ်"

မောင်လှဖေက အေးအေးဆေးဆေး ပြန်ပြောနေရာ သူ့ဖခင်သည် ပို၍ဒေါသမီးတောက်လာလေ၏။

"မင်း မလုပ်ရပါဘူးကွ၊ မင်း ဒီအိမ်ပေါ်က ဆင်းသွားပါ။ ဒါလောက် မိဘကို ကျေးဇူးကန်းတဲ့ ခွေးသားကို မကြည့်ချင်ပါဘူး"

အဘိုးကြီးသည် နေရာမှထ၍ပြောပြီး ပြန်ထိုင်ပြန်လေ၏။ သူသည် ဒေါသထွက်လွန်း၍ တုန်နေ၏။

"ကိုရာကျော် လွန်မယ်–လွန်မယ်" အမယ်ကြီးက သတိပေးလေသည်။

"ဒီကဆင်းဆို ဆင်းရမှာပေါ့ဖေဖေ၊ ဒါပေမဲ့ လယ်ကတော့ ကျွန်တော်လုပ်ရမှာပဲ။ အဖွဲ့က ကျွန်တော့်ကို ချလိုက်ပြီးပြီ"

"ဟေ့ စကားရှည်ရှည် မပြောချင်ဘူး။ ငါ့အိမ်ပေါ်က နှစ်ယောက်စလုံး ဆင်းသွား"

အဘိုးကြီးသည် နေရာမှထ၍ အခန်းထဲသို့ ခြေသံ

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းနှင့်နှင်းကာ ဝင်သွားလေ၏။ အမယ်ကြီးသည် ခဏမျှကြောင်၍ ကျန်ရစ်ပြီးမှ သူလည်း အဘိုးကြီးနောက်သို့ လိုက်သွားလေ၏။

"ကဲ... ဦးလေးဘ ကျွန်တော့်ပစ္စည်းတွေ ကူယူခဲ့ဗျာ" မောင်လှဖေသည် သူ့အခန်းထဲသို့ဝင်ကာ စာအုပ်များ ထည့်ထားသော သေတ္တာငယ်လေးတစ်လုံးနှင့် အဝတ်အစားအနည်းငယ်ကို အပြင်သို့ ထွက်လာလေ၏။

"ကဲ... ဦးလေးဘ သွားကြစို့။ ကျွန်တော် တခြားလည်း သွားစရာမရှိဘူး၊ ဦးလေးဘတို့အိမ်ပဲ လိုက်ရမှာပဲ"

"အေး...အေး"

မောင်လှဖေသည် အဝတ်ထည့်ထားသော သားရေအိတ်ကလေးကိုဆွဲလျက် စာအုပ်သေတ္တာလေးကိုထမ်းကာ အိမ်ပေါ်မှ ဆင်းသွားကြ၍ မကြာမီပင် အဘိုးကြီးသည် အိမ်ရှေ့ဘုရားစင်ရှေ့တွင် ဝတ်ချနေလေသည်။

"အရှင်ဘုရား... ဤမျှလောက် မိဘအပေါ်မယ် ကျေးဇူးမသိတတ်တဲ့ သားကို သေခန်းဖြတ်ပါတော့မယ်။ သူ့မျက်နှာကို ဘယ်တော့မှမကြည့်..." အဘိုးကြီးသည် ပါးစပ်မှ ရွတ်ဆိုနေရာ အမယ်ကြီးသည် အနီးသို့ရောက်လာ၍ "လွန်မယ်... လွန်မယ်" ဟု သတိပေးသော်လည်း မရ "အသာနေစမ်းပါ" ဟု ငေါက်ကာ ဆက်၍ ဆိုနေလေ၏။

"သားမျက်နှာကို ဘယ်တော့မှ မကြည့်တော့ပါ။ ကြည့်မိက နိဗ္ဗာန်မရဘဲ နေရပါစေသား၊ သေပြီးရင်လည်း ငရဲမှာချည့် ခံနေရပါစေသား..."

အဘိုးကြီးသည် ဦးချနေလေ၏။ အမယ်ကြီးသည် အနီးတွင်ထိုင်ကာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုကြွေးလေ၏။

* * *

ကိုဘနှင့် ဒေါ်ရွှေပုံတို့၏ အိမ်နောက်ရှိ ပိန္နဲပင်ကြီးပေါ်မှ ဥသြငှက်သည် သာရောင့်သာယာ ဆက်ကာ ဆက်ကာ တွန်ကျူးလိုက်လေ၏။

ထိုပိန္နဲပင်ကြီးနှင့်ကပ်လျက်ရှိသော မန်ကျည်းပင်ကြီးပေါ်မှလည်း ကျီး–ငှက်အပေါင်းတို့သည် တစာစာ အော်ဟစ်လျက် အစာရှာသွားအံ့သောငှာ အဖော်ညှိနေကြလေ၏။ တစ်ဖက်သောအိမ်မှ စပါးကြိတ်ထိုးသံသည်လည်း နံနက်စောစောတွင် တရှီးရှီးနှင့် အတော်အသံကျယ်လျက်ရှိ၏။ ရွာလမ်းမကြီးတစ်လျှောက်တွင်လည်း ကျွဲနွားအပေါင်းတို့သည် အစုလိုက်အအုပ်လိုက် စားကျက်ရှိရာသို့ သွက်သွက်ကြီး လှမ်းလျက်ရှိကြကုန်၏။ အချို့သောနွားတို့သည် ဂနာမငြိမ် ပြေးလိုက် လိုက်လိုက်၊ တစ်ကောင်ပေါ်တစ်ကောင် လွှားလိုက်နှင့် ဝရုန်းသုန်းကားဖြစ်နေကြသည့်ပြင် ကျွဲခြိစည်းရိုးကို တိုးမိသဖြင့် ကျယ်လောင်စွာ အော်ဟစ်ဆူပူနေသော မိန်းမကြီးတစ်ယောက်၏ အသံကိုလည်း ဆူဆူညံညံ ကြားရလေသည်။

နေမင်းသည် အရှေ့ဘက်တောင်စွယ်မှ နီသောအသွင်ကိုဆောင်လျက် ထွက်ပြူလာပြီးသည့်နောက် တရိပ်ရိပ် မြင့်မားလျက် သပြေပင်ရွာကလေးကို သူ၏အရောင်ဖြင့် လွှမ်းခြုံထားလိုက်လေသည်။

ကိုဘ ဒေါ်ရွှေပုံတို့၏ အိမ်ကလေးအတွင်းမှာလည်း မလုံမလဲ ကာရံထားသော ဝါးထရံပေါက်တွေမှ နေပြောက်တို့သည် အနှံ့အပြား ထိုးလျက်ရှိလေသည်။ ကိုဘသည် အိမ်ရှေ့ရှိ သရက်ပင်ကလေးအောက်တွင် ထွန်တုံးထွန်တံများကို ပြုပြင်လျက်ရှိလေသည်။ ဒေါ်ရွှေပုံသည် နို့စို့ကလေးငယ်ကို ရင်ခွင်တွင်ပိုက်ရင်း ရေနွေးအိုးတည်လျက်ရှိသည်။ သူသည် တစ်ခါကစ်ရံ အနီးမှ တစာစာ ငိုလျက်ရှိသော နို့ညှာဖိုးထူးကို ချော့လိုက်ဟန်လုပ်ရင်း မီးကိုသာ အတွင်ထိုးနေသည်။ မောင်လှဖေသည် အိပ်ရာမှထကာ မျက်နှာသစ်ပြီးသည့်နောက် အိမ်ရှေ့သို့ထွက်လာရာ ရေအိုးကိုယ်စီရွက်လျက် ခြံဝမှ ဝင်လာကြသော မမြနှစ်နှင့် သူ့ညီမလေး မမြချစ်တို့ကို လှမ်း၍ကြည့်လိုက်ရင်း ပြုံးပြုံးကြီး နှုတ်ဆက်လိုက်လေသည်။

မမြနှစ်တို့အိမ်သို့ မောင်လှဖေ ရောက်နေသည်မှာ ဆယ့်ငါးရက်ခန့် ရှိလေပြီ။ ဒီအတောအတွင်းတွင် သူသည် ရွာထဲရှိ လယ်သမားခေါင်းဆောင်ကြီးများနှင့် လယ်သမားများကိုပါ တွေ့ဆုံလျက် အသက်သွေးခဲဖြစ်သော လယ်ယာလုပ်ငန်းကို မည်ကဲ့သို့ တိုးတက်အောင် ပြုပြင်ဆောင်ရွက်ရမည်ကို ကြိမ်ဖန်များစွာ ဆွေးနွေးတိုင်ပင်ခဲ့လေသည်။

လယ်သမားတို့သည် သူ့ကို အားကိုးအားထားပြုကြသည်မှန်သော်လည်း သူပြောသည့် အချို့စကားများကို နားလည်ဟန်မတူကြဘဲ အမတော်ကြေး မြန်မြန်ရဖို့နှင့် စပါးစိုက်ပြီးချိန်တွင် မဆပ်ဘဲနေရဖို့ သို့မဟုတ် နေ့နေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ဖို့လောက်သာ အာသာပြင်းပြလျက် တိုးတက်မှု လမ်းစဉ်များကို သူတို့မမြင်နိုင်ကြသည့်အတွက် မောင်လှဖေသည် တစ်ခါတရံ စိတ်အားငယ်မိလေသည်။ သူသည် ဒီအတောအတွင်းတွင် နံနက်စောစောတိုင်း မိမိအားခုံအဖွဲ့မှ ချလိုက်သော ဖခင်၏ လယ်ကြမ်းဧကလေးဆယ်ကိုလည်း ကိုဘနှင့်အတူ သွားရောက်၍ ငါးနှစ်လုံးလုံး အနှောင့်အယှက် မရှိ၊ လွတ်လပ်လပ်ကြီး ပေါက်ရောက်နေကြကုန်သော ကိုင်းတောကြီးကို တစ်စတစ်စ ရှင်းလင်းခဲ့ရာ ပြီးတန်သလောက် ပြီးသွားပြီဖြစ်၍ အထူးရွှင်မြူးလျက်ရှိသည်။

ညီအစ်မနှစ်ဖော်သည် ရေအိုးကိုယ်စီနှင့် သူ့အနားသို့ ရောက်လာကြလေသည်။ မမြနှစ်သည် သူ့ကို ရွှန်းရွှန်းစားစားကြီးကြည့်၍ ပြုံးလိုက်လေသည်။ သူကလည်း မမြနှစ်ကို ရွှန်းရွှန်းစားစားပင် ပြန်၍ကြည့်လိုက်လေသည်။

သူတို့၏ မျက်လုံးနှစ်စုံသည် ချစ်ခိုးရောင်တောက်လျက် ရှိနေလေသည်။ ညီအစ်မနှစ်ယောက်သည် သူ့ကို လွန်သွားပြီးနောက် ရေအိုးများကို နေရာတကျ သွားရောက်ထားကြပြီးလျှင် အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာကြလေသည်။

"ကိုကြီး လက်ဖက်ရည် မသောက်ရသေးဘူးလား" မမြနှစ်က မေးလိုက်ရာ မောင်လှဖေက ခေါင်းရမ်း၍ ပြလိုက်သဖြင့် မီးဖိုဘက်သို့ ဝင်သွားကာ မကြာမြင့်မီပင် လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များကို သူ့အနီးသို့ ယူလာခဲ့လေသည်။

"ကိုကြီးတို့ ဒီနေ့ စောစောသွားကြပြီး စောစောပြန်လာမယ်။ နေ့လည် လယ်သမား အစည်းအဝေးတက်စရာ ရှိသေးတယ်" ဟု မောင်လှဖေသည် မမြနှစ်အား ပြောလိုက်လေသည်။

"ထမင်း စောစော ချက်ထားမယ်။ ဒီနေ့တော့ အစ်ကိုကြီး ထမင်းစားနိုင်ပါလိမ့်မယ်။ မေမေက ငါးပြေမဟင်းနဲ့ မန်ကျည်းရွက်ဟင်းချို ချက်မယ်လို့ ပြောတယ်။ မနေ့တုန်းက ကိုကြီး ထမင်းစားမဝင်တာ မမြနှစ် သိပ်စိတ်မကောင်းတာပဲ။ အစ်ကိုကြီး ဒီလို ဆင်းဆင်းရဲရဲ ဒီမှာလာနေတာလည်း မမြနှစ်တို့အတွက်ဆိုပြီး ဝမ်းနည်းလွန်းလို့ မနေ့ညက ငိုမိတယ်" မမြနှစ်သည် မျက်ရည်စမ်းစမ်းနှင့် ချစ်သူကို မကြည့်ဘဲ မျက်နှာလွှဲကာ တုန်တုန်ယင်ယင်နှင့် ပြောနေလေသည်။ "မဟုတ်ဘူး မမြနှစ်။ ကိုကြီး ဒီလိုဆင်းရဲခံတာ မမြနှစ်တို့အတွက်ချည်း မဟုတ်ဘူး။ လယ်သမားအားလုံးအတွက် ဖြစ်တယ်။ နောက်ကို ဒီ့ထက်မက ဆင်းရဲခံချင်ခံရလိမ့်ဦးမယ်။ ကိုကြီးစိတ်ထဲမှာ လယ်သမားတွေကို ပြုပြင်နိုင်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တဲ့စိတ် သိပ်ပြင်းပြနေတယ်။ ဒီလို လယ်သမားခေါင်းဆောင်ကောင်းဖြစ်ဖို့ဟာ ကိုယ်တိုင်က လယ်သမားအစစ် ဖြစ်မှ ဟန်ကျမယ်လို့ တစ်ထစ်ချ အစ်ကိုကြီး ယုံကြည်တယ်။ ဒါကြောင့်မို့ အစ်ကိုကြီးဟာ လယ်သမားဘဝကို ပြန်ဆင်းပြီး ဒီမှာရှိတဲ့ လယ်သမားတွေလို ဒီနှစ်ကစပြီး ကြိုးကြိုးပမ်းပမ်း အလုပ်လုပ်တော့မယ်" မောင်လှဖေသည် တစ်လုံးချင်း ချစ်သူနားလည်အောင် ပြောပြလေသည်။ မမြနှစ်သည် ရီနေသော မျက်လုံးကြီးများနှင့် သူ့ကိုကြည့်ရင်း ငြိမ်ငြိမ်ကြီး နားထောင်နေလေသည်။

"သူများကို ပြုပြင်ချင်ရင် ကိုယ့်အိမ်ကစပြီး ပြုပြင်ရမယ်ဆိုတာ အစ်ကိုကြီး သတိထားမိတယ်။ ဒါကြောင့်မို့ အစ်ကိုကြီးဟာ အင်မတန် အတွေးအခေါ်တွေ ခေတ်နောက်ကျနေတဲ့ မိဘနဲ့ အခုသဘောချင်း ကွဲလွဲရတာဘဲ။ သူတို့လည်း နောက်တော့ သတိရမှာပဲလေ"

ထိုအချိန်၌ အိမ်ရှေ့တွင် ထွန်တုံးထွန်တံများကို ပြုပြင်နေသော ကိုဘသည် အိမ်ပေါ်သို့ တက်လာကာ အနီးတွင် ထိုင်၍ လက်ဖက်ရည်သောက်နေသဖြင့် စကားပြောပြတ်သွားလေသည်။ မမြချစ်သည် ထမင်းကြမ်းပန်းကန်ကြီးနှင့် ငါးပိရည်ခွက်ကို အနီးတွင် လာချလေသည်။ ကိုဘသည် ငါးပိရေကိုဆမ်းကာ တစ်လုတ်ပြီးတစ်လုတ် လွေးနေရင်း "မင်းတော့ ဒါမျိုးစားမှာ မဟုတ်ပါဘူးကွာ" ဟု ပြောလိုက်ရာ "စားမယ် ဦးလေးဘ" ဟု မောင်လှဖေက ပြန်ပြောလိုက်လေသည်။

"မင်း နေ့တိုင်းတော့ မစားချင်ဘူးဆို"

"မစားလို့မဖြစ်ဘူး ဦးလေးဘ။ ကိုင်းခုတ်ရင်း တယ်ဆာရင်..."

မမြနှစ်သည် နောက်ထပ် ထမင်းကြမ်းတစ်ပန်းကန်ကို ယူလာ၍ ပေးလေသည်။

မောင်လှဖေသည် ကိုဘနည်းတူ ငါးပိရေကိုဆမ်း၍ တစ်လုတ်ပြီးတစ်လုတ် ခပ်ဆိုင်းဆိုင်း စားလေ၏။

"ဟော့... မင့်အဖေကြီးလည်း နေမကောင်းဘူးလို့ ငါ

www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်" ကိုဘသည် ထမင်းကိုနယ်ရင်း ပြောလိုက်လေသည်။

"ဟုတ်လား... ညနေလောက် သွားကြည့်ဦးမှထင်တယ်။ အဘိုးကြီးက စိတ်ဆိုးတုန်း ခဏပါ။ တော်တော်ကြာ ပြီးသွားမှာပါ" မောင်လှဖေသည် စိတ်မကောင်းသကဲ့သို့ ပြောလိုက်လေသည်။

"အေး... ငါလည်း အဲဒါပြောမလို့ပဲ။ ဘသော်နဲ့တွေ့လို့ သေသေချာချာ ငါမေးကြည့်တယ်။ မင်းကို လွှတ်လိုက်မယ်လို့လည်း ငါပြောသေးတယ်။ ဒါပေမဲ့ သူက မင့်ကို လွှတ်လို့မဖြစ်ဘူး၊ မင့်မျက်နှာမြင်ရင် ပိုပြီးရောဂါတိုးလိမ့်မယ်လို့ ပြောတယ်" ကိုဘသည် တစ်လုံးချင်း ခပ်အေးအေး ပြောပြနေလေသည်။ ထိုစကားများကြောင့် မောင်လှဖေသည် ထမင်းပန်းကန်ကို ချထားလိုက်လေသည်။ ပါးစပ်မှ ထမင်းလုတ်ကို မျိုမကျနိုင်အောင် ဖြစ်သွားလေသည်။ ထိုအချိန်တွင် ဘသော်သည် ရွာလယ်လမ်းမှ လှည်းမောင်းသွားသည်ကို မြင်ရသဖြင့် မောင်လှဖေသည် ကတိုက်ကရိုက် အိမ်ပေါ်မှ ဆင်းပြေးကာ ဘသော်ကို လှမ်း၍ခေါ်လေ၏။

ဘသော်သည် လှည်းကိုရပ်ကာ ဆင်းလာလေရာ ခြံပေါက်ဝတွင် သူတို့နှစ်ယောက် အတော်ကြာအောင် စကားပြောနေကြလေသည်။

ဘသော်သည် လှည်းပေါ်သို့ ပြန်တက်၍ ဆက်မောင်းသွားသောအခါကျမှ မောင်လှဖေသည် လေးကန်သော ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ တက်လာသည်ကို မြင်ရသော် မမြနှစ်တို့သားအဖသည် ရင်တထိတ်ထိတ်နှင့် စောင့်နေကြလေသည်။

"ဖေဖေတော့ အတော်ရောဂါ ကြီးနေပြီပြောတယ်။ ကျွန်တော် ထွက်လာတဲ့နေ့ကတည်းက မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး အိပ်ရာထဲ လဲတော့တာပဲတဲ့" မောင်လှဖေသည် ဝမ်းနည်းပက်လက်နှင့်ပြောကာ သူနေရာတွင် ပြန်၍ ထိုင်ကာ ငိုင်နေလေ၏။

"ဒီလိုဆိုရင် မင်းသွားဦးမှပေါ့" ဟု ကိုဘက သူ့မျက်နှာကို စိုက်ကြည့်ရင်း အကြံပေးလေသည်။

"ကျွန်တော် သွားလို့မဖြစ်ပါဘူး ဦးလေးဘရာ"

သူ၏အသံသည် ကွဲအက်လျက် သူ့မျက်လုံးအစုံလည်း မျက်ရည်ဥကြီးများ ဆက်ကာဆက်ကာ လိမ့်ဆင်းလာလေ၏။

မမြနှစ်ကလေးသည်လည်း ဘာမှနားမလည်ဘဲ ချစ်သူ၏ ဖြစ်အင်ကိုကြည့်ရင်း မျက်ရည်စို့နေလေ၏။ မီးဖိုခန်းထဲမှ ဒေါ်ရွှေပုံသည် ကလေးကိုပိုက်ကာ အနီးသို့ ရောက်လာလေသည်။

"ဘာဖြစ်လို့လဲကွာ၊ အခုလောက်ရှိရင် မင့်အပေါ် စိတ်ပြေရောပေါ့။ မင်းမသွားရဲရင် တို့ပါလိုက်ခဲ့ပါမယ်။ ဘာလုပ်လုပ် ခံနေတာပေါ့ကွာ"

ကိုဘသည် မောင်လှဖေကို အားပေးလိုက်လေ၏။ မောင်လှဖေသည် ခေါင်းကို တွင်တွင်ကြီး ရမ်းလိုက်လေသည်။

"မဟုတ်ဘူး ဦးလေးဘ၊ ကျွန်တော် မသွားရဲတာမဟုတ်ဘူး။ ကျွန်တော် ဖေဖေ့ဆီကို သွားရဲပါတယ်။ ဖေဖေဟာ ကျွန်တော့်မျက်နှာကို ဒီတစ်သက် မကြည့်တော့ပါဘူးလို့ သူ ဘုရားရှေ့မှာ ဟိုနေ့က သစ္စာဆိုထားသတဲ့။ ကျွန်တော့်မျက်နှာကို သူကြည့်မိရင် နိဗ္ဗာန်ကိုလည်း မရပါစေနဲ့၊ သေလို့ရှိရင်လည်း ငရဲမှာ အဖန်ငါးရာ ငါးကမ္ဘာ ခံရပါစေသားလို့ ဆုတောင်းထားတယ်တဲ့။ ဟိုတုန်းကတော့ စိတ်ဆိုးဆိုးနဲ့ ဆုတောင်းလိုက်တာ၊ နောက်မှ မှားမှန်းသိပြီး စိတ်မကောင်းဖြစ်နေရင်းကို မစားနိုင်မသောက်နိုင်ဖြစ်ပြီး အိပ်ရာထဲ လဲတော့တာပဲ။ အခုတော့ ကျွန်တော့်ကိုလည်း အလွန်တွေ့ချင်၊ သူ့ဆုတောင်းကြီးကိုလည်း အလွန်ကြောက်ပြီး ခက်နေတော့တာပေါ့။ ညတိုင်းလိုလိုပဲ ငါ့သား ငါ့သား မင်းကိုတော့ ဒီတစ်သက် အဖေမြင်ရမှာ မဟုတ်ပါဘူးကွယ်လို့ တတွတ်တွတ် ရွတ်နေတယ်ဆိုပဲ။ မေမေက သွားခေါ်ပေးမယ်ဆိုပြန်ရင်လည်း ကြောက်ကြောက်လန့်လန့်နဲ့ မျက်လုံးကြီးတွေပြူးပြီး မင်းငါ့ကို ငရဲက မလွတ်အောင် လုပ်တာလား၊ နိဗ္ဗာန်မရအောင် လုပ်တာလားနဲ့ အော်သတဲ့။ အဲဒီတော့ အဖေ့အဖြစ်က အတော့်ကို ဆိုးနေတာပဲ"

မောင်လှဖေသည် ဘသော်ထံမှ ကြားလိုက်ရသော အကြောင်းခြင်းရာများကို ကိုဘတို့ အိမ်သားတစ်စုအား ပြန်ပြောရင်း ဝမ်းနည်းပက်လက်ဖြစ်နေလေ၏။

ကိုဘတို့ အိမ်သားတစ်စုသည် အငြိမ်ကြီး ငြိမ်နေကြလေသည်။

မမြနှစ်သည် ချစ်သူ၏ ပြောစကားများကို နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရသဖြင့် မချိတင်ကဲဖြစ်ကာ အစွမ်းကုန် အောင့်အီးထားရာမှ မဆည်နိုင်တော့ဘဲ ရှိုက်၍ရှိုက်၍ ငိုကာ အခန်းတွင်းသို့ ဝင်သွားလေ၏။

"ကဲ မောင်လှဖေ ဒီလိုနေလို့ မဖြစ်ဘူး။ အိမ်ကိုတော့ သွားလိုက်ဦး။ အဘိုးကြီးက သူ သစ္စာဆိုထားတာကို ကြောက်ပြီး မင်းကို မကြည့်နိုင်ဘူးဆိုရင် သူ့အခန်းထဲမဝင်ဘဲ အပြင်ကနေပေါ့"ဟု ကိုဘက ပြောသဖြင့် မောင်လှဖေသည် နေရာမှထကာ သူ့အိမ်သို့ သွားရန်ဟန်ပြင်လေ၏။ မမြနှစ်သည် အိမ်ထဲမှ ထွက်လာကာ "ဖေဖေ ကျွန်မတို့လည်း လိုက်သွားရအောင်"ဟု ပြောသဖြင့် သားအဖနှစ်ယောက် မောင်လှဖေနှင့်အတူ ဦးရာကျော်အိမ်သို့ လိုက်လာကြလေသည်။ ဦးရာကျော်အိမ်၏ မနီးမဝေးသို့ရောက်လျှင်ပင် ဒေါ်မယ်ဟန်၏ ရှုံ့ရှုံ့ရှုံ့ရှု အော်ဟစ်ငိုကြွေးလိုက်သော အသံကိုကြားရလေသည်။ မောင်လှဖေသည် ပြေး၍သွားကာ အိမ်ပေါ်သို့တက်လိုက်သည်နှင့်တစ်ပြိုင်နက် ဒေါ်မယ်ဟန်သည် "သားရေ မင့်အဖေကို ကြည့်ပါဦးကွဲ့"ဟု တမ်းတ၍ ငိုပြန်လေသည်။ မောင်လှဖေသည် ငိုနေသည့် မိခင်ကို ကျော်လွန်ကာ ဖခင်၏အခန်းထဲသို့ ပြေးဝင်သွားလေရာ ဓိဝိန်ချုပ်နေပြီဖြစ်သော သူ့ဖခင် လယ်ပိုင်ရှင်ကြီးကို ခုတင်ပေါ်တွင် ပက်လက်ကလေး တွေ့ရလေသည်။ သူသည် အတန်ကြာအောင် ပကတိမျက်နှာနှင့် စိုက်ကြည့်နေပြီးနောက် ရင်ဘတ်ပေါ်တွင် ခြုံထားသည့် ချည်စောင်နှင့် သူ့ဖခင်၏ မျက်နှာကို အုပ်လိုက်လေသည်။

ဦးရာကျော်အား သင်္ဂြိုဟ်ပြီးစီးပြီ ဖြစ်သော်လည်း အိမ်တွင်ကား ဆွေမျိုးသားချင်းတွေနှင့် ရှုပ်ယှက်ခတ်လျက်ရှိလေသည်။ ကိုဘတို့ အိမ်သားတစ်စုသည်လည်း ထိုအိမ်သို့ လာရောက်ကာ အသုဘ ပြီးဆုံးသည့်နေ့အထိ ဝေယျာဝစ္စကိစ္စများကို ကူညီဆောင်ရွက်ပေးနေလေသည်။ ဒေါ်မယ်ဟန်သည် စိတ်ထားပြောင်းသွား၍လားမသိ၊ ကိုဘအပေါ်တွင် ကောင်းကောင်းမွန်မွန် ဆက်ဆံ၍ ဆောင်ရွက်စရာ ရှိသည်များကိုလည်း အားကိုးကြီးတစ်ခုနှင့် စေခိုင်းလေ့ရှိလေသည်။

ခုနစ်ရက်လည်၍ သပိတ်သွပ်ရမည့် မတိုင်မီနေ့တွင် ချက်ကြပြုတ်ကြနှင့် တစ်အိမ်လုံး ဆူညံလျက် ရှိလေသည်။ ညအချိန်တွင် ဓာတ်မီးကြီးများကိုထွန်းကာ ချက်သူချက်၊ ပြုတ်သူပြုတ်၊ ကြော်သူကြော်၊ လှော်သူလှော်နှင့် မအားအောင် ရှိနေကြလေ၏။

အိမ်ဦးခန်းတွင်လည်း လူရွယ်တစ်သိုက်၏ ကကြိုးဝိုင်းသည် တချပ်ချပ်နှင့် ဆူညံလျက်ရှိလေသည်။ အတော်လေး ညဉ့်နက်သွားသောအခါ အိမ်အလယ်ခန်းတွင် ကွမ်းသီးဖက်ဆေးလိပ်ကြီး တဖွားဖွားရှုရှိုက်နေသော ဒေါ်မယ်ဟန်သည် ဆွေမျိုးသားချင်းလေးငါးယောက်နှင့်အတူ ထွေရာလေးပါး စကားများကို ပြောကြားလျက်ရှိစဉ် မောင်လှဖေသည် မိခင်အနားသို့ လာ၍ထိုင်လေသည်။ ကိုဘနှင့် သမီးမမြနှစ်တို့သည်လည်း ထိုဝိုင်းထဲတွင် အပါအဝင်ဖြစ်လေသည်။ ဒေါ်မယ်ဟန်သည် အခြားစကားများကို ပြောကြားပြီးသည်နောက် မောင်လှဖေဘက်သို့လှည့်ကာ "ကဲ... ငါ့သား မင်းလည်း နက်ဖြန်က ဒီအိမ်ပြန်ပြောင်းခဲ့ပေတော့။ မောင်ဘ သူ့ပစ္စည်းလေးတွေကို လိုက်ပို့လိုက်ပါကွယ်"ဟု ပြောလိုက်လေသည်။ အားလုံး မည်သူကမျှ ဘာမှမပြောဘဲ ငြိမ်နေကြလေသည်။

"နက်ဖြန်ကာပဲ ပြောင်းရတော့မလား မေမေ၊ ဒီလိုဆိုရင် ကျွန်တော့်တစ်ယောက်တည်းတော့ လက်ခံလို့ မဖြစ်ဘူး။ အဖော်တစ်ယောက် ပါရလိမ့်ဦးမယ်။ အဲဒီအဖော်ပါ မေမေ လက်ခံနိုင်ပါ့မလား"

မောင်လှဖေက သူ့အမေကိုပြုံး၍ကြည့်ရင်း ပြောလိုက်လေသည်။

"အေး...အေး... ဘယ်အဖော်ခေါ်ခဲ့ ခေါ်ခဲ့ ...ခေါ်ခဲ့ပါကွယ်"

သူ့မိခင်က ခပ်အေးအေးပင် ပြန်ပြောလိုက်လေသည်။

"ဒီအဖော်က မေမေနဲ့ တစ်သက်လုံးနေမယ့် အဖော်နော် မေမေ"

ဒေါ်မယ်ဟန်သည် သူ့သား၏ ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်သလို ပြုံးလိုက်လေသည်။

"ဘယ်သူလဲကွဲ့။ ငါ့သား ပြောစမ်းပါဦး"

မောင်လှဖေသည် သူ့အမေ နားနားသို့ကပ်ကာ တိုးတိုးကလေး ပြောလိုက်လေသည်။ ဒေါ်မယ်ဟန်၏ မျက်လုံးသည် တလန်လောက်အကွာတွင် ထိုင်နေသော မမြနှစ်ဆီသို့ရောက်သွားပြီးမှ ကိုဘဆီသို့ကူးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဟုတ်လားကွဲ့."ဟု မေးလိုက်လေ၏။

မည်သူမှ အဖြေမပေးဘဲ ငြိမ်နေကြလေသည်။

"ငါ ဘယ်လိုမှ မအောက်မေ့ပါဘူးကွယ်။ လူငယ်တွေကို လူကြီးတွေက အမြဲအရှုံးပေးနေရတဲ့ ခေတ်ပါ။ ဒီကိစ္စမှာလည်း သူ့သဘောပါပဲ။ သူကြိုက်ရင် ငါက ကြည်ဖြူပြီးပါပဲ။ ကဲ… မောင်ဘ… ဟုတ်ကဲ့လားကွဲ့။ မင့်သမီးနဲ့ဆိုတာ"

ဒေါ်မယ်ဟန်သည် ကိုဘဘက်သို့လှည့်၍ ခပ်ကျယ်ကျယ် မေးလိုက်လေသည်။

"သိပါဘူးဗျာ…"

ကိုဘသည် ရုတ်တရက် လူတွေထဲတွင် သမီးရေးအတွက် အမေးခံရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ တုံးတိတိကြီးဖြေ၍ အိမ်ပေါ်မှ ဆင်းပြေးလေ၏။

"ဟဲ့… လုံမလေး မမြနှစ် ပြောစမ်းပါဦး"

ဒေါ်မယ်ဟန်သည် မမြနှစ်ဘက်သို့လှည့်၍ မေးခွန်းထုတ်လိုက်လေသည်။ အနီးရှိလူအားလုံး၏ မျက်လုံးများသည် သူ့ကိုပဲ စိုက်ကြည့်နေကြလေသည်။ သူ့ပါးစပ်မှ အဖြေမထွက်လာသော်လည်း ခေါင်းညိတ်လိုက်သည်ကိုကား ဓာတ်မီးရောင်ဖြင့် အထင်အရှား မြင်လိုက်ရလေသတည်း။

❖

အတွဲ-၂၊ အမှတ်-၁၇၊ ၁၉၄၈၊ အောက်တိုဘာ၊
ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com

www.burmeseclassic.com